မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၂၇ ရက်၊ စနေနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၃၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျောက်စိမ်းကျောက်မျက်များ အရောင်းအဝယ်အဆင်ပြေစေရန် အကောင်းဆုံး စီစဉ်ဆောင်ရွက်ပေးရန် ...

ကျောက်စိမ်းကျောက်မျက်များ အချောထည်ပြုလုပ်တင်ပြရောင်းချဝယ်ယူမည့်သူအား ဆွဲဆောင်နိုင်အောင် အကောင်း၊ အညံ့ စုံလင်ခင်းကျင်းပြသ သစ်အချောထည်များ၊ ကျောက်စိမ်းကျောက်မျက် အချောထည်များ နိုင်ငံတကာကုန်စည်ပြပွဲများတွင် သွားရောက်ရောင်းချနိုင်အောင်ကြိုးစား

ရန်ကုန် မေ ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယနေ့နံနက်ပိုင်းတွင် ၂၀၀၆ခုနှစ် ဇွန်၊ ဇူလိုင်လ ကျောက်စိမ်း ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲကျင်းပမည့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✡

ကျောက်စိမ်းအတွဲများကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

နိုင်ငံတော်အစိုးရက ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆီအုန်းစိုက်ပျိုး ထုတ်လုပ်ရောင်းဝယ်မှုလုပ်ငန်းကို ပြည်သူများအား လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုထားသကဲ့သို့ အခြားတစ်ဖက်မှလည်း စိုက်ဧက ပိုမိုရရှိရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များသာမက ဒေသခံပြည်သူများကိုပါ စည်းရုံးစိုက်ပျိုးစေပြီး ၎င်းတို့လိုအပ်သော မျိုး၊ ပံ့ပိုးပစ္စည်း၊ အရင်းအနှီးနှင့် နည်းပညာရပ်များ အလွယ်တကူရရှိရေး အားပေးကူညီ ဆောင်ရွက်လျက်ရှိ။

ကြည်တင် (မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆီအုန်းစိုက်ပျိုးရေး ဆောင်းပါး (စာ-၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မေလ ၂၇ ရက်)

ပညာခေတ်တွင် ပညာကို အပတ်တကုတ်ကြိုးစားသင်ယူ

မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်သည်။ သိပ္ပံနှင့် နည်းပညာရပ်များသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ တီထွင်ဆန်းသစ်သည့် နည်းပညာများသည်လည်း အံ့မခန်းပင် ဖြစ်သည်။ တိုးတက်ဆန်းသစ်သော နည်းပညာများကို အမီလိုက်နိုင်ရန် ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။

ပညာလိုချင်၍ သင်တန်းတစ်ခုပြီးတစ်ခု၊ ကျောင်းတစ်ခုပြီးတစ်ခုတက်ပြီး အောင်လက်မှတ်တစ်ခုပြီး တစ်ခု၊ ဘွဲ့တစ်ခုပြီးတစ်ခု ယူသူများရှိသည်။

ပညာသည် ရွှေအိုးဖြစ်သည်။ လူ့ဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာသည် အခြေခံအုတ်မြစ်ဖြစ်သည်။ ပညာရှိသူသည် အမှားနှင့်အမှန်ကို ချင့်ချိန်နှိုင်းဆနိုင်သည်။ အကောင်းနှင့်အဆိုးကို သိမြင်ဆုံးဖြတ်နိုင်သည်။ ပညာဖြင့် မှန်ကန်သော ဆုံးဖြတ်ချက်ကို ချနိုင်သည်။

မျက်မှောက်ခေတ်တွင် ပညာသင်ယူခြင်းသည် အမှောင်မှအလင်းသို့ ခရီးနှင်နေခြင်းဟူသည့် အစစ်အမှန်တန်ဖိုးကို အသိအမှတ်ပြု အလေးထားမှု တိုးပွားများပြားလာသည်။

အင်ဂျင်နီယာများသည် ကျွမ်းကျင်လုပ်သားများကို ဦးဆောင်ဦးရွက်ပြုနိုင်သူများဖြစ်သည်။ လျှပ်စစ်အင်ဂျင်နီယာများသည် လျှပ်စစ်ပညာရပ်၏ သီအိုရီသဘောတရားများကို သိရှိနားလည်ပြီး ပညာရပ်နယ်ပယ်ကို တိုးတက်အောင် ဦးဆောင်ဦးရွက်ပြုရန်ဖြစ်သည်။

ပညာ၏သဘောကို နားမလည်သူများ၊ ပညာကို အလေးမထားသူများအနေဖြင့် ၎င်းတို့၏ လူနေမှုဘဝ တိုးတက်မှုသည် နှေးကွေးနေမည်သာ ဖြစ်သည်။

အဆင့်မြင့်ပညာဆိုသည်မှာ အဆင့်မြင့်သည့်နေရာတွင် လုပ်ကိုင်ကျင်လည်နိုင်စေရန် သင်ကြားပေးခြင်းဖြစ်သည်။

အဆင့်မြင့်ပညာများ သင်ယူပြီး အဆင့်မြင့်ဘွဲ့များ ရရှိပါက ပိုမိုကြီးလေးသော တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်သည်။

ပညာသင်ယူခြင်းသည် ခေတ်အဆက်ဆက် ယဉ်ကျေးမှုကို လက်ဆင့်ကမ်းယူခြင်းဖြစ်သည်။

ကြိုးစားရှာဖွေစုဆောင်းထားသည့် စည်းစိမ်ဥစ္စာများကို အေးချမ်းစွာ ခံစားနိုင်ရန်၊ တရားကို သိမြင်ပြီး ရင်တွင်း၌ တန်ဖိုးထားမှုများ ဖြစ်လာစေရန် ပညာသည် မရှိမဖြစ်လိုအပ်သည်။

ပညာသည် သာယာချမ်းမြေ့ချိန်၌ အဆင်တန်ဆာဖြစ်သကဲ့သို့ အရေးကြုံချိန်၌ ကွန်းခိုရာ နေရာတစ်ခုသဖွယ် ဖြစ်သည်။

ထို့ကြောင့် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာနေသော ယနေ့ ပညာခေတ်တွင် လူငယ်များအနေဖြင့် ပညာကို အပတ်တကုတ် ကြိုးစားသင်ယူသင့်ကြပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စစ်ကိုင်း ဉယျာဉ်ကျေးရွာ ချမ်းမြေ့ဉယျာဉ် ကွန်ကရစ်ချောင်းကူးတံတားဖွင့်

ရန်ကုန် မေ ၂၆

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် ဇီးချောင်းကျေးရွာအုပ်စု ဉယျာဉ်ကျေးရွာအနီး၌ အလှူရှင်မိသားစုက ဆောက်လုပ်လှူဒါန်းခဲ့သော အလျားပေ ၂၀၀ နှင့် အကျယ်ပေ ၂၀ ရှိ ချမ်းမြေ့ဉယျာဉ် ကွန်ကရစ်ချောင်းကူးတံတားဖွင့်ပွဲ အခမ်းအနားကို မေ ၂၁ ရက်က ယင်းတံတား၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ၊ အလှူရှင်များဖြစ်ကြသည့် ဦးမောင်မောင်(ဇေယျာရွှေမြေကုမ္ပဏီ)နှင့် ဒေါက်တာနီလာသိန်း (မျက်စိအထူးကုဆရာဝန်)မိသားစုတို့က ဖဲကြိုးဖြတ်၍ ချမ်းမြေ့ဉယျာဉ်ကွန်ကရစ်ချောင်းကူးတံတားကို ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ဖြတ်သန်းကြည့်ရှု

ယင်းနောက် ကြွရောက်တော်မူလာကြသော ဆရာတော်သံဃာတော်များနှင့် ပရိသတ်တို့သည် ဒေသခံကျေးရွာပြည်သူများနှင့်အတူ ချောင်းကူးတံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် ချမ်းမြေ့ဉယျာဉ် ကွန်ကရစ် ချောင်းကူးတံတား ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ဉယျာဉ်ကျေးရွာရှိ ဆုတောင်းပြည့်ဘုရား၌ ဆက်လက်ကျင်းပရာ စစ်ကိုင်းတောင်ရိုး ညောင်လေးပင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒက ရေစက်ချအနုမောဒနာ တရားချီးမြှင့်တော်မူပြီး အလှူရှင် မိသားစုနှင့် ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၇-၅-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"ဆပ္ပာဏကောပမသုတ်"**

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂း၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **"စင်ကာပူမှာသာတဲ့လ"** ရန်အောင်၊ မေသန်းနု
- ၀၁း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၄း၁၅ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
- ၄း၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅း၁၅ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ မိုးလေဝသ သတင်း
- ၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၅ ၁၄။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
- ၆း၄၅ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၃၀)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သတ္တိဗျတ္တိ"** (အပိုင်း-၄)

လက်ခံယူစဉ်

ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးမြ-ဒေါ်သန်းအား ရည်စူး၍အမှတ်-၅၃ (ငါးလွှာ)ကျွန်းတောလမ်း စမ်းချောင်းမြို့နယ်နေ သားသမီး၊ မြေး၊ မြစ်တစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် နှစ်သိန်းငါးသောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယက ဦးချစ်လှိုင် လက်ခံယူစဉ်။

(က-ပ)

ဓမ္မစေတီဆရာတော် တရားပွဲကျင်းပမည်

ရန်ကုန် မေ ၂၆

ရန်ကုန်မြို့ သာကေတမြို့နယ် (၄)တောင်ရပ်ကွက် သာသနာ့ဝေပုလ္လဓမ္မာရုံတွင် အရှင်ကောသလ္လ(ဓမ္မစေတီ) မဟာဓမ္မာစရိယ M.A(Buddhism)၏ တရားပွဲများကို မေ ၂၉၊ ၃၀ နှင့် ၃၁ ရက် များ၌ ညစဉ် ၇ နာရီတွင် ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မေ ၁၄ ရက်က ဗဟန်း မြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲ ကျင်းပရာ မြို့နယ် စာကြည့်တိုက်မှူးဒေါ်အေးအေးဆင့်နှင့် ရပ်ကွက်အဖွဲ့ဝင်(၁)ဦးရဲလှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် မူလလျာထားဝင်ငွေထက် နှစ်ဆရအောင်ရည်မှန်း သုံးစွဲငွေများကို လျာထားသတ်မှတ်ချက်ထက်ခြိုးခြံချွေတာသုံးစွဲ မီဒီယာလုပ်ငန်းများအသွင်သဏ္ဍာန်နှင့်အနှစ်သာရပါ ဆွဲဆောင်မှုရှိအောင်ဆောင်ရွက်

နေပြည်တော် မေ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၆ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ခေတ္တဦးဆောင် ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊အထွေထွေမန်နေဂျာနှင့် ညွှန်ကြားရေးမှူးများ၊စာတည်းမှူးချုပ်နှင့်စာတည်းမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက် ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်းများရှိ စက်ရုံများမှ တာဝန်ရှိသူပုဂ္ဂိုလ်များ၊အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း က အဖွင့်အမှာစကား ပြောကြားရာ တွင် မိမိတို့ ဝန်ကြီးဌာနနှင့် လက်အောက်လုပ်ငန်းဌာနများ အနေဖြင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏ ကာလတို တတိယ ငါးနှစ်စီမံကိန်း၏ လမ်းညွှန်ချက်များဖြစ်သော ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ရေး၊ စက်မှုကဏ္ဍ တိုးတက်မြင့်မားအောင်ဆောင်ရွက်ရေး၊လျှပ်စစ်စွမ်းအား တိုးတက်ထုတ်လုပ်ရေး၊စွမ်းအင်ကဏ္ဍ တိုးတက်ထုတ်လုပ်ရေး၊ ကုန်သွယ်မှု တိုးတက်မြင့်မားရေးနှင့် ခြိုးခြံချွေတာရေး စသည့်မူများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် လုပ်ငန်းဌာနတိုင်းအနေဖြင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက် မူလလျာထားသော ဝင်ငွေထက် နှစ်ဆရအောင် ရည်မှန်းဆောင်ရွက်ရေး၊ သုံးစွဲငွေကို လျာထားသတ်မှတ်ချက်ထက် ၁၅ ရာခိုင်နှုန်း ခြိုးခြံချွေတာ သုံးစွဲရေး၊ ငွေလုံး ငွေရင်းဖြင့် သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းများကို ပြန်လည်စိစစ်၍ အမှန်တကယ်လိုအပ်မှ ဆောင်ရွက်ရေး၊ အထူးသဖြင့် သုံးစွဲငွေထက် ဝင်ငွေ ပိုမို ရရှိအောင်ဆောင်ရွက်ရေး၊ တစ်ဖက်မှလည်း မိမိတို့ မီဒီယာလုပ်ငန်းများ အားလုံး၊ အသွင်သဏ္ဍာန်ရော အနှစ်သာရပါ အစဉ်မြင့်မားတိုးတက်ပြီး ဆွဲဆောင်မှုရှိအောင်ဆောင်ရွက်ရေး တို့ကို အဓိကထားအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အထက်ပါ အချက်များနှင့်အညီ ဆုံးဖြတ်ချက်များ ချမှတ်၍ ဆက်လက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက မိမိတို့ လုပ်ငန်းဌာနအလိုက် လက်ရှိဆောင်ရွက်လျက်ရှိသော အထူးလုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ရည်မှန်းချက်လုပ်ငန်းတာဝန်များ အောင်မြင်ရေးအတွက် အရှိန်အဟုန်ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရေး မှာကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ-ကိုရီးယားချစ်ကြည်ရေး ကုသိုလ်ပြုဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် မေ ၂၆

ကိုရီးယား သမ္မတနိုင်ငံ ဗုဒ္ဓသာသနာပြု ဘုန်းတော်ကြီး Venerable Mok Tak- Hye Eun က ကမကထပြု၍မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် Korea Myanmar Friendship Inter Change Association တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်း၌တည်ဆောက်လှူဒါန်းမည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် ကုသိုလ်ပြု ဈေးရောင်းပွဲတော်ကို ဇွန် ၂ရက် ညနေ ၄နာရီမှစ၍ ရန်ကုန်မြို့ရှိ ကရဝိက်နန်းတော် ဥတ္တရခန်းမ၌ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် ကိုရီးယားသမ္မတနိုင်ငံက ထုတ်လုပ်သော အမျိုးသမီးလက်ကိုင်သားရေအိတ်၊ အဝတ်အထည်၊ ကလေးကျောပိုးအိတ်၊ ဖိနပ်၊ လူသုံးကုန်ပစ္စည်းများကို အထူးလျှော့ဈေးဖြင့် ရောင်းချမည်ဖြစ်ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်သရုပ်ဆောင်များက တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ပစ္စည်းများ ရောင်းချပေးခြင်းဖြင့် ပါဝင်ကုသိုလ်ပြုကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၅၈)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသောသံဃာတော် အရှင်သူမြတ်များအား ချီးကျူး ဂုဏ်ပြုပူဇော်ပွဲအတွက် တောင်ငူမြို့ ရွှေနှင်းဆီဆေးလိပ်ရုံမှ အဂ္ဂမဟာ သီရိသုဓမ္မသီဂိ ဒေါ်အုန်းခင်၏ လှူဒါန်းသော အလှူငွေ ကျပ် ၁၀၇၇၀၀၀ အား အလှူရှင်ကိုယ်စား အဖွဲ့ဘဏ္ဍာရေးမှူး ဒေါ်ခင်စန်းက အဖွဲ့ဥက္ကဋ္ဌ ဦးစိန်တင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးခင်လှတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃)၊ အမှတ်(၄)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၆

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃)၊ အမှတ်(၄)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် သျှင်ပညာဇောတ၊ တက္ကသိုလ်မြတ်သူ၊ သူရိန်ဝင်း၊ တိမ်မွေးကု ပညာရှင်တစ်ဦး၊ ဖိုးထွေး (စိုက်ပျိုးရေး)၊ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)၊ နွယ် (ကံမ)၊ မန်းလူ (မင်းဘူး)၊ စံပယ်မိုး၊ ခင်သစ္စာကျော် (မဟာဝိဇ္ဇာ)၊ နီငြိမ်း (အညာတက္ကသိုလ်)၊ နှင်းအေး (စီးပွားရေး)၊ တက္ကသိုလ်ကိုလတ်၊ ညွှန့်သစ်ဝေ (ဖေယျာ)၊ တက္ကသိုလ်လှကြွယ်၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၊ မောင်စံဖြူ၊ ကြက်ခြေနီကြည်ကြည်၊ H.K၊ C.E၊ မောင်မောင်စိုးသက်၊ သျှတတ (ပြည်)တို့၏ သုတ၊ ရသဆောင်းပါးများ၊ ဝတ္ထုတို ကဏ္ဍ၊ ရုပ်ရှင်ဗီဒီယိုကဏ္ဍ၊ အားကစားကဏ္ဍ၊ အင်္ဂလိပ်စကားပြောသင်ခန်းစာ၊ လင်းယုနောင်(မင်းဘူး)၊ ပဏ်သုသပြေ (ညောင်ပင်ဆိပ်)တို့၏ကဗျာများ မောင်မောင်စန်းလွင်၏ ကာတွန်း၊ ဆြာစန်း၏ ဗေဒင်ကဏ္ဍတို့ဖြင့် စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်းတွင် နှစ်ဖက်သောမိဘများအား အမှူးထား၍ ၉၄/၄ ကျွန်းရွှေမြိုင်လမ်းသွယ် ၂ သုဝဏ္ဏနေ ဦးဇော်ဝင်း-ဒေါ်ခင်မာကြွယ်၊ သားသမီးများ မောင်နန္ဒရဲရင့်ဝင်း၊ မအိသီရိဇော်၊ နောင်ဇော်ဝင်း၊ ညီဇော်ဝင်း မိသားစုတို့က ငွေကျပ်တစ်သိန်းကို အဖွဲ့ဝင်ဒေါက်တာ အောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ဆောင်းပါးပြိုင်ပွဲကို **"အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့"**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"ပြည့်စုံလှပ မြန်မာအမျိုးသမီး ဘဝ"**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ပေးပို့ရမည်

ဆောင်းပါးပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသေးသည့် စာမူများကို စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ကို ဖော်ညွှန်းရိုက်ကူးထားသော ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀ x ၁၄) လက်မ တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားကိုမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ဆက်သွယ်ပေးပို့

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၀ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၂၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍လည်းကောင်း ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ် စာတည်းမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ငြိမ်းချမ်းရေး သမ္မတဘုရှ် မတည်ဆောက်နိုင် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ် ဝေဖန်ပြောကြား

ကာရာကတ် မေ ၂၆

အမေရိကန်သမ္မတဘုရှ်အနေဖြင့် ကမ္ဘာပေါ်တွင် ငြိမ်းချမ်းရေးတည်ဆောက်နိုင်စွမ်း မရှိကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က အင်္ဂါနေ့တွင် ထုတ်ဖော်ကြေညာလိုက်သည်။ အမေရိကန်သမ္မတဘုရှ်က ၎င်းအား မကြာမီက ဝေဖန်ပုတ်ခတ်မှုကို သမ္မတချာဗက်ဇ်က ယင်းသို့ တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

သမ္မတဘုရှ်၏ အမေရိကန်နယ်ချဲ့နှင့် စစ်လိုလားသောအစိုးရက ကမ္ဘာပေါ်ရှိသက်ရှိလောကနှင့် ငြိမ်းချမ်းရေးအလားအလာကို တဖြည်းဖြည်း လျှော့ပါးအောင် အန္တရာယ်ရှိရှိ လုပ်ဆောင်နေသည့်အတွက် မိမိတို့ များစွာစိုးရိမ်ကြောင်း အီရတ်စစ်ပွဲနှင့်စပ်လျဉ်း၍ ပြင်းပြင်းထန်ထန် ဝေဖန်သူ ဗင်နီဇွဲလား သမ္မတ ချာဗက်ဇ်က ပြောဆိုသည်။

ဗင်နီဇွဲလားနိုင်ငံနှင့်တကွ နောက်ပိုင်းတွင် ဘိုလစ်ဗီးယားနိုင်ငံမှာပါ ဒီမိုကရေစီ တဖြည်းဖြည်းချင်းတိုက်စားခံနေရမှုအပေါ် စိုးရိမ်မကင်းဖြစ်မိကြောင်း အမေရိကန်သမ္မတဘုရှ်က တနင်္လာနေ့တွင် ပြောကြားသည်။

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်

ကြိုးပမ်း

အမေရိကန်အစိုးရနှင့် ဗင်နီဇွဲလားအစိုးရတို့၏ စကားစစ်ထိုးပွဲတွင် ဤအပြန်အလှန် ဝေဖန်ပြောဆိုမှုမှာ အပြင်းထန်ဆုံး လက်ငင်းထိုးနှက်ချက်ဖြစ်သည်။ သမ္မတချာဗက်ဇ်သည် လက်တင်အမေရိက မတည်မငြိမ်ဖြစ်အောင် လုပ်နေသည်ဟု အမေရိကန်က စွပ်စွဲပြီး အမေရိကန်အစိုးရသည် ဗင်နီဇွဲလားနိုင်ငံ၏ ကျယ်ပြောသော ရေနံသိုက်ကို အလစ်သုတ်လုယူရန် အတွက် သူ့ကို ရာထူးမှဖယ်ရှားရန် ကြိုးပမ်းနေကြောင်းဖြင့် သမ္မတ ချာဗက်ဇ်က စွပ်စွဲလိုက်သည်။

ဆန့်ကျင်

အမေရိကန်အစိုးရသည် ယခုအခါ သူ၏ အမေရိကန်ပြည်သူကိုသာမက ကမ္ဘာ့ပြည်သူတို့ကိုပါ ဆန့်ကျင်နေကြောင်း၊ ဒီမိုကရေစီနှင့်လည်း ဆန့်ကျင်ကြောင်းဖြင့် ဗင်နီဇွဲလား သမ္မတက ၎င်းအား ထောက်ခံသူများ တက်ရောက်သည့် လူထုအစည်းအဝေးတွင် ပြောကြားလိုက်သည်။

၂၀ရာစုသည် အမေရိကန်ရာစုနှစ်ဟူ၍ သူတို့က သတ်မှတ်ယူဆကြောင်း၊ ယင်းမှာ သင့်မြတ်ပါပေ၏။ ၂၁ရာစုနှစ်ကတော့ မြောက်အမေရိကအင်ပါယာ အဆုံးသတ်သွားသည်ကို မြင်တွေ့ရသည်။ ရာစုနှစ်ဟု ခေါ်နိုင်မည်ဖြစ်ကြောင်း သမ္မတချာဗက်ဇ်က ကြေညာလိုက်ည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပါကစ္စတန်၏ နွားနို့ထွက်ရှိမှု နှစ်စဉ် ၃၂ ဘီလီယံလီတာရှိ

အစ္စလမ္မာဘတ် မေ ၂၆

ပါကစ္စတန်နိုင်ငံသည် နှစ်စဉ်နွားနို့လီတာ ၃၂ဘီလီယံ ထုတ်လုပ်နိုင်ပြီး ကမ္ဘာ့နွားနို့ ပဉ္စမမြောက် အထွက်ဆုံးနိုင်ငံဖြစ်လာကြောင်း ပါကစ္စတန်နိုင်ငံပိုင် သတင်းဌာနက မေ၂၃ရက်၌ ကြေညာသည်။

ထုတ်လုပ်

ပါကစ္စတန်နိုင်ငံ၏ နွားနို့ထုတ်လုပ်ရေးကဏ္ဍသည် ဂျီဒီပီ၏၁၀ ဒသမ ၈ရာခိုင်နှုန်းရှိခဲ့ပြီး နိုင်ငံ၏ လယ်ယာလုပ်ငန်းဂျီဒီပီ ရာခိုင်နှုန်းမှာ ၄၈ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သက်ဆိုင်ရာ သတင်းရပ်ကွက်များက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသည် ကမ္ဘာ့နွားနို့ ပဉ္စမမြောက်အထွက်ဆုံးနိုင်ငံဖြစ်လာသည်။

အမ်အင်အေ၊ဆင်ဟွာ

ရွှေဈေးမြင့်တက်မှုကြောင့် ကမ္ဘာ့ရွှေဝယ်လိုအားကျဆင်း

လန်ဒန် မေ ၂၆

ကမ္ဘာ့ရွှေဝယ်လိုအားသည် ယခုနှစ်ပထမသုံးလအတွင်း ၁၆ရာခိုင်နှုန်း ကျဆင်းသွားကြောင်း၊ ရွှေဈေးမြင့်နေ၍ လက်ဝတ်ရတနာ ဝယ်ယူသူများသည် စိတ်ဓာတ်ကျနေကြောင်း၊ အဆိုပါကာလအတွင်း ရွှေဈေးသည် ၂၆နှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့ကြောင်း ကမ္ဘာ့ရွှေကောင်စီက မေ၂၃ရက်၌ ပြောကြားသည်။

ကမ္ဘာ့ရွှေဝယ်လိုအားမှာ ယမန်နှစ်က ရွှေတန်ချိန် ၉၀၀ အရောင်း အဝယ်ဖြစ်ခဲ့မှုနှင့်နှိုင်းစာလျှင် ယခုနှစ်ပထမသုံးလအတွင်း ရွှေဝယ်လိုအားမှာ တန်ချိန် ၈၃၆သို့ ကျဆင်းခဲ့ကြောင်း လန်ဒန်အခြေစိုက် ကမ္ဘာ့ရွှေကောင်စီက ပြောကြားသည်။

ပြောကြား

ယင်းကာလတွင် လက်ဝတ်ရတနာကဏ္ဍတွင်လည်း တန်ချိန် ၅၃၅တန်သာရှိခဲ့ရာ ၂၂ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အဆိုပါကောင်စီက ပြောကြားသည်။

ကမ္ဘာ့ရွှေဝယ်လိုအား ကျဆင်းလာမှုကြောင့် လက်ဝတ်ရတနာဝယ်လိုအားမှာလည်း ကျဆင်းသွားရသည်ဟုဆိုသည်။ အထူးသဖြင့် အာရှနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသည် ရွှေဈေးနှုန်းမြင့်တက်မှုကို ရှောင်ရှားနေကြပြီး ရွှေဝယ်သူမရှိဘဲ ဖြစ်နေပြီး မေ ၁၂ရက်က ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၇၃၀ဒသမ ၄၀(ထိုင်းဘတ် ၂၈၀၀၀) အထိ တိုးမြင့်သွားခဲ့သည်ဟု အဆိုပါကောင်စီက ပြောကြားသည်။

ကျဆင်း

ကမ္ဘာ့ရွှေအများဆုံး ဝယ်ယူသူများကြောင့် အိန္ဒိယနိုင်ငံတွင် ရွှေဝယ်ယူသူ ၂၇ရာခိုင်နှုန်းကျဆင်းခဲ့သည်။

အလားတူ အမေရိကန်၊ တရုတ်၊ တူရကီ အရှေ့အလယ်ပိုင်းနိုင်ငံများတွင် ရွှေဝယ်ယူမှု ရာခိုင်နှုန်းကျဆင်းသွားကြောင်း သိရသည်။

(စထရိတ်တိုင်းမ်)

သီဟာနု ကမ္ဘောဒီးယားသို့ ပြန်မည်

ပေကျင်း မေ ၂၆

ကမ္ဘောဒီးယား ဘုရင်ဟောင်း နိုရိုဒွန်သီဟာနုက နောက်နောင်တွင် မည်သူ့ကိုမျှ တွေ့ဆုံခွင့်ပြုမည် မဟုတ်ကြောင်း ယမန်နေ့က ပြောကြားပြီး ပြည်သူ့မြင်ကွင်းမှ ရှောင်တိမ်းရန် အာမခံပြောကြားလိုက်သည်။

တောင်းပန်

အသက်(၈၃)နှစ်ရှိပြီ ဖြစ်သော ဘုရင်ဟောင်း သီဟာနုက ကမ္ဘောဒီးယား ပြည်သူများအား မိမိတောင်းပန်ကြောင်း၊ မိမိအား နားလည်ပေးကြပါရန် မေတ္တာရပ်ကြောင်းဖြင့် ဝက်ဘ်ဆိုက်တွင် ဖော်ပြတိုက်တွန်းထားသည်။

ကမ္ဘောဒီးယား၌ နိုင်ငံရေးတင်းမာမှုကြောင့်ဟုဆိုကာ ပေကျင်းသို့ လွန်ခဲ့သည့် ဩဂုတ်လက ထွက်ခွာသွားပြီးနောက် မနက်ဖြန်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်မည်ဟု မျှော်လင့်ရသည်။

ဘုရင်သီဟာနုသည် အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေး ချွတ်ယွင်းမှုကြောင့် ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် နန်းစွန့်ပြီး သားတော် နိုဒိုဒွန်ဆီဟာမိုနီအား ထီးနန်းအပ်လိုက်သည်။

အမ်အင်အေ၊အေအက်ဖ်ပီ

ဟောင်ကောင်ရှိ ရွှေဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကုန်သွယ်ရေးတိုးမြှင့်ဆောင်ရွက်ရန် အီရန်-ပါကစ္စတန်ဆွေးနွေး

အစ္စလမ္မာဘတ် မေ ၂၆

အီရန်နိုင်ငံခြားရေးဝန်ကြီးမန်နိုချာမော့တာကီသည် ပါကစ္စတန်နိုင်ငံတွင် ကျင်းပသည့် ပူးတွဲ စီးပွားရေးကော်မရှင် အစည်းအဝေး(ဂျေအီးစီ)တက်ရောက်ရန် မေ ၂၄ ရက် အစောပိုင်းက အစ္စလမ္မာဘတ်မြို့သို့ ရောက်ရှိခဲ့သည်။

ဆွေးနွေး

နှစ်ရက်ကြာ ကျင်းပသည့် ဂျေအီးစီအစည်းအဝေးကို ဗုဒ္ဓဟူးနေ့က စတင်ကျင်းပခဲ့သည်။ နှစ်ဦးနှစ်ဖက် ကုန်သွယ်ရေး တိုးမြှင့်ဆောင်ရွက်ရန်အတွက် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံကုန်သွယ်မှု ပမာဏသည် ယခုမျက်မှောက်ကာလတွင် အမေရိကန်ဒေါ်လာ သန်း၄၀၀ရှိသည်။

ရှင်းပြ

အီရန်နိုင်ငံခြားရေးဝန်ကြီးသည် ပါကစ္စတန်ခေါင်းဆောင်များအား အီရန်၏ နျူကလီးယား အစီအစဉ်အပေါ် အငြင်းပွားနေမှုများနှင့်ပတ်သက်၍ရှင်းပြခဲ့သည်။

အီရန်နိုင်ငံပေါ် မည်သည့်အင်အားအသုံးပြုမှုမျိုးကိုမဆို ပါကစ္စတန်က ဆန့်ကျင်ကန့်ကွက်ခဲ့ပြီး ယင်းကိစ္စကို ဆွေးနွေးမှုများဖြင့်သာ ဖြေရှင်းသင့်ကြောင်း အခိုင်အမာ ပြောဆိုလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ရဲတပ်ဖွဲ့ဝင်များက အနံ့ခံခွေးများအား မေ၂၄ရက်က လေ့ကျင့်ပေးနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်၌ ဗြိတိသျှစစ်လေယာဉ်မီးလောင်

ကဘူလ်း မေ ၂၆

အာဖဂန်နစ္စတန်တောင်ပိုင်းတွင် မေ ၂၄ရက်က ဗြိတိသျှစစ်လေယာဉ် တစ်စင်း မီးလောင်ခဲ့ကြောင်း ဗြိတိသျှစစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဟာကူလက်စ် စီ-၁၃၀လေယာဉ်မှာ မတော်တဆဖြစ်ရပ်ကြောင့် မီးလောင်ခဲ့ခြင်းဖြစ်ပြီး တစ်စုံတစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အဆိုပါ လေယာဉ်သည် မြေပြင်သို့ဆင်းပြီးနောက် မီးလောင်ခဲ့ခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံ လက်ကာဂတ်မြို့ လေတပ်အခြေစိုက်စခန်းတစ်ခု၌ ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

မလေးရှားနိုင်ငံလုပ် ပရိုတွန်ကားများ အာရှဈေးကွက် ထိုးဖောက်ရန်ကြိုးပမ်းလာ

ကွာလာလမ်ပူ မေ ၂၆

တရုတ်နိုင်ငံတွင် ပရိုတွန်နှင့် ချယ်ရီကား မော်ဒယ်ပုံစံသစ်များ ထုတ်လုပ်ရန် စက်ရုံတည်ဆောက်ရေးအတွက် တရုတ်ချယ်ရီကားထုတ်လုပ်ရေးကုမ္ပဏီနှင့် ဆွေးနွေးခဲ့ကြောင်း မလေးရှား ပရိုတွန် ကားထုတ်လုပ်ရေးကုမ္ပဏီက မေ၂၄ရက်၌ ပြောကြားသည်။

ကုမ္ပဏီနှစ်ခုစလုံးက လာမည့်သုံးလတွင် အဆိုပါ ကားများထုတ်လုပ် ဖြန့်ဖြူးရောင်းချရေးအတွက် လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပရိုတွန်ကားကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

မလေးရှားအစိုးရက ပရိုတွန်ကားကုမ္ပဏီအား ပြည်ပကားထုတ်လုပ်ရေးကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းထားသည်။

မလေးရှားနိုင်ငံလုပ် ပရိုတွန်ကားများအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မလေးရှားနိုင်ငံ ကားထုတ်လုပ်ရေးကဏ္ဍသည် မိမိတို့၏ အခြေအနေပေါ်တွင် ရပ်တည်မနေဘဲ တရုတ်နှင့် အိန္ဒိယ ကားဈေးကွက်များသို့လည်း ထိုးဖောက်ဝင်ရောက်ရမည်ဖြစ်ကြောင်း မလေးရှားအစိုးရက တိုက်တွန်းလိုက်သည်။

များပြား

မလေးရှား ကားဈေးကွက်သည် ကားပိုင်ဆိုင်လိုသူများလာခြင်းကြောင့် ကားထုတ်လုပ်မှုမှာ ပို၍များပြားလာခဲ့ကြောင်း ပရိုတွန်ကားထုတ်လုပ်ရေး ဒါရိုက်တာ ကမာရူလ်ဇာမန်ဒါရပ်က ပြောကြားသည်။

ကြိုးစား

သို့ဖြစ်၍ အဆိုပါ ပရိုတွန်ကားကုမ္ပဏီက တရုတ်၊ အိန္ဒိယနှင့် အာဆီယံနိုင်ငံများတွင် ယင်း၏ အနာဂတ် ကားဈေးကွက်ကို တိုးချဲ့လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ပရိုတွန်ကားကုမ္ပဏီက အာရှကားဈေးကွက်ကို ထိုးဖောက်ရန် ကြိုးစားလာခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အင်ဒိုနီးရှား၌ငလျင်လှုပ်၊လူတစ်ဦးသေဆုံး

ဂျကာတာ မေ ၂၆

အင်ဒိုနီးရှားနိုင်ငံ ပါပူရာပြည်နယ် ဂျာယာပူရာနှင့် ဆာမီအရပ်တို့တွင် ရစ်ချ်တာစကေး ၄ ဒသမ ၆ ရှိသော ငလျင်တစ်ခု မေ၂၄ရက် မွန်းလွဲပိုင်းက လှုပ်သွားခဲ့ကြောင်း၊ ငလျင်လှုပ်မှုကြောင့် လူတစ်ဦးသေဆုံးပြီး လူရာပေါင်းများစွာ ငလျင်ဒဏ်ခံခဲ့ရကြောင်း အင်တာရာသတင်းဌာနက မေ ၂၅ရက်၌ သတင်းထုတ်ပြန်သည်။

ငလျင်ကြောင့် သေဆုံးသွားသူမှာ ထရပ်ကားမောင်းသူတစ်ဦးဖြစ်ပြီး ငလျင်လှုပ်စဉ် နှလုံးရောဂါကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ ငလျင်လှုပ်စဉ် ဒေသခံလူ၂၀၀ ကျော်တို့ ဆူနာမီဒဏ် စိုးရိမ်သဖြင့် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသော်လည်း နောက်ပိုင်း၌ နေရပ်သို့ ပြန်လာခဲ့ကြသည်။

ဆူနာမီ

အင်ဒိုနီးရှားနိုင်ငံ ပါပူရာပြည်နယ်သည် ငလျင်ဒဏ်နှင့် မုန်တိုင်းဒဏ်များ အမြဲတမ်းခံစားရသော ဒေသတစ်ခုဖြစ်ရာ ငလျင်တစ်ခုလှုပ်ပြီးတိုင်း ဒေသခံတို့က ဆူနာမီရေလှိုင်းများဖြစ်ပေါ်မည်ကို စိုးရိမ်နေခဲ့ကြသည်။

ပါပူရာပြည်နယ်ရှိ ဒေသများသည် ငလျင်လှုပ်ခြင်းနှင့် လေမုန်တိုင်းတိုက်ခတ်ခြင်းကို ခံနိုင်မှုစွမ်းအား မရှိကြောင်း မိုးလေဝသနှင့်ဘူမိဗေဒ အေဂျင်စီ၏ အကြီးအကဲက ကြာသပတေးနေ့၌ ပြောကြားသည်။

တပ်ဆင်ခဲ့

ယင်းအေဂျင်စီသည် ဆူနာမီ ကြိုတင်သတိပေးကိရိယာများနှင့် မြေလျင်စောင့်ကြည့်လေ့လာရေး ကိရိယာများကို ယင်းပြည်နယ်၏ ဒေသခြောက်ခုတွင် တပ်ဆင်ပေးခဲ့ပြီး ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဖုန်းနံပါတ် ၆၆၆-၆၆၆၆ မိုလ်ဘိုင်းဖုန်း ဒေါ်လာ ၂ ဒသမ ၇၅ သန်းဖြင့် ဝယ်ယူ

ဒိုဟာ မေ ၂၆

ကမ္ဘာပေါ်တွင် သဘာဝဓာတ်ငွေ့သိုက်အလျှံပယ်ပေါကြွယ်ဝသော ပင်လယ်ကွေ့ အာရပ်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ကာတာနိုင်ငံ၌ မိုလ်ဘိုင်းဖုန်း နံပါတ်တစ်ခုကို ကမ္ဘာပေါ်တွင် ဈေးအကြီးဆုံးပေးဝယ်ခဲ့သည့် မှတ်တမ်းကို ကာတာနိုင်ငံသားတစ်ဦးက ပြုလုပ်ခဲ့သည်။

ကာတာနိုင်ငံဒိုဟာမြို့၌ မေ ၂၃ရက်ကကျင်းပခဲ့သော လေလံပွဲတစ်ခုတွင် ဖုန်းနံပါတ် ၆၆၆-၆၆၆၆ပါရှိသည့် မိုလ်ဘိုင်းဖုန်းကို ကာတာနိုင်ငံသား လေလံဆွဲသူတစ်ဦးက အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၅ သန်းပေး၍ ဝယ်ယူ သွားခဲ့သည်။

အဆိုပါ တယ်လီဖုန်းနံပါတ် ပါရှိသည့် မိုလ်ဘိုင်းဖုန်းကို လေလံဆွဲသူ ရှစ်ဦးရှိခဲ့ရာ လေလံပွဲမှာ ၁၀မိနစ်အတွင်း ပြီးစီးခဲ့သည်။ လေလံပွဲတွင် ရောင်းချခဲ့ရသော ငွေကြေးများမှ လေလံပွဲကြီးမှူး ကျင်းပသူများက ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ကာတာနိုင်ငံသုံးငွေ ၁၀သန်း လှူဒါန်းမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု သိပ္ပံနှင့်နည်းပညာက ဦးဆောင်မှုပေးနေ

ပေကျင်း မေ ၂၆

တရုတ်နိုင်ငံ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍတွင် သိပ္ပံနှင့်နည်းပညာသည် အထောက်အကူပြုခြင်းနှင့် ဦးဆောင်မှုပေးခြင်းနေရာမှ ဆောင်ရွက်နေကြောင်း ဝန်ကြီးချုပ် ဝမ်ကြားပေါင်က မေ၂၄ရက်၌ ပြောကြားသည်။

ပြောကြား

သိပ္ပံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် တီထွင်ကြံဆမှုသည် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် ဖြစ်ပွားနေသော အခက်အခဲပြဿနာများကို ဖြေရှင်းနိုင်လိမ့်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ သိပ္ပံနှင့်နည်းပညာဆိုင်ရာအဖွဲ့၏ ခုနစ်ကြိမ်မြောက် အမျိုးသား ကွန်ဂရက်(စီအေအက်စ်တီ)တွင် ဝမ်က ပြောကြားသည်။

စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုလုပ်ငန်းပုံစံနှင့် ထုတ်ကုန်များအဆင့် မြှင့်တင်ခြင်း၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍများတွင် အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံလိုအပ်ချက်များ၏ ဖိစီးမှုကို သိပ္ပံနှင့်နည်းပညာသည် လျော့ပါးသက်သာစွာပြုလုပ်နိုင်လိမ့်မည်ဟု ဝမ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အမြင့်ဆုံး လူစီးရဟတ်

ကမ္ဘာ့အမြင့်ဆုံး လူစီး ရဟတ်ကြီး တစ်ခုကိုတွေ့ရစဉ်။ (ယာပုံ)

အဆိုပါ ရဟတ်ကြီးကို ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ ကီဗိုလီဥယျာဉ်အတွင်း တည်ဆောက်ထားခြင်းဖြစ်ပြီး ရဟတ်စီးသူများသည် မီတာ ၇၀အမြင့်၌ တစ်နာရီ ၄၃မိုင်နှုန်း လည်ပတ်နေသောရဟတ်တွင် လိုက်ပါ စီးနင်းကြခြင်း ဖြစ်သည်။

(အင်တာနက်)

ကမ္ဘာ့အကြီးမားဆုံး ဟိုတယ်စီမံကိန်း

ကမ္ဘာ့အကြီးမားဆုံး ဟိုတယ်စီမံကိန်းတစ်ခုကို တွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါဟိုတယ် စီမံကိန်းကြီးကို ဒူဘိုင်းမြို့တွင် အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံအကုန်အကျခံကာ တည်ဆောက်မည်ဖြစ်ပြီး ပင်လယ်ကွေ့ဒေသ၌ ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်း အဓိကတည်ရှိရာ နေရာဖြစ်လာမည်ဟု ရည်မှန်းထားသည်။ ၎င်းဟိုတယ်စီမံကိန်းသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးဟိုတယ် စီမံကိန်းကြီးဖြစ်သည်။ **(အင်တာနက်)**

မျိုးဗီဇအသစ်ရှာဖွေကာ အထွက်နှုန်းကောင်းသီးနှံမျိုးစေ့ရှာဖွေနိုင် သဘာဝသစ်တောများကာကွယ်မှုကြောင့် ဂေဟစနစ်တိုးတက်ဖြစ်ထွန်း

သတင်းဆောင်းပါး - မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၂၆

ယနေ့ကမ္ဘာတွင် နည်းပညာများ၏ အခန်းကဏ္ဍသည် အီလက်ထရွန်နစ်၊ အိုင်တီကဏ္ဍများတွင် တိုးတက်ကျယ်ပြန့်လာရုံမက အခြားစိုက်ပျိုးရေး၊သစ်တော၊မွေးမြူရေးနှင့် ရေလုပ်ငန်းတို့တွင်လည်း တိုးတက်ကျယ်ပြန့်လာသည်။

စိုက်ပျိုးရေးနည်းပညာတိုးတက်မှုကြောင့် ဆန်စပါးကဲ့သို့သောသီးနှံများကိုမျိုးဗီဇအသစ်များရှာဖွေကာအထွက်နှုန်းကောင်း သီးနှံမျိုးစေ့များရှာဖွေနိုင်ခဲ့မှုကြောင့် အထွက်နှုန်းကောင်းစံချိန်များဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ပြီဖြစ်သည်။

သစ်တောနည်းပညာများ တိုးတက်လာသဖြင့် သစ်တောများ ထိန်းသိမ်းခြင်း၊ သစ်တောများ တည်ထောင်ခြင်းနှင့် သဘာဝသစ်တောများ ကာကွယ်ပေးမှုများကြောင့် ဂေဟစနစ်များ မပျက်စီးစေဘဲတိုးတက်ဖြစ်ထွန်းနေသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင်လည်း နည်းပညာများ၏ အကျိုးကျေးဇူးကြောင့် သားငါးများ စနစ်တကျ မွေးမြူထုတ်လုပ်ပေးလျက်ရှိသည်။

မေ၂၆ရက်က ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန(အိုင်ဘီစီ)၌ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၏ ပဋ္ဌမနှစ်ပတ်လည်အစည်းအဝေးနှင့် ဆဋ္ဌမအကြိမ် သုတေသနညီလာခံကိုကျင်းပခဲ့ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊သစ်တော၊မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ ပဋ္ဌမနှစ်ပတ်လည်စုံညီအစည်းအဝေးတွင် ပညာရှင်အဖွဲ့ဒုတိယဥက္ကဋ္ဌဒေါက်တာမြင့်သိန်းက နှစ်ပတ်လည်အစီရင်ခံစာ တင်ပြစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဟန်ချက်ညီညီ

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့သည် စိုက်ပျိုးရေး၊သစ်တောနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်း နယ်ပယ်အသီးသီးတွင် ဟန်ချက်ညီညီ မျှတညီညွတ်စွာဖြင့် ဆက်စပ်တိုးတက်ဖြစ်ထွန်းမှုများ အောင်မြင်လာစေရန်အတွက် ဖွဲ့စည်းထားကြောင်း သိရသည်။

ထောက်ကူ

ယင်းပညာရှင်အဖွဲ့သည် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ပညာရှင်များ မွေးထုတ်ခြင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများဖြင့် နီးနွှယ်လုပ်ငန်းဆောင်တာများ ဆောင်ရွက်ခြင်းနှင့် နှစ်စဉ်ပညာရှင်များ၏ လေ့လာတွေ့ရှိချက်စာတမ်းဖတ်ကြားခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ သစ်တောကဏ္ဍများ တိုးတက်ရေးအတွက် အထောက်အကူပေးလျက်ရှိကြောင်း သိရသည်။

ထိုနေ့က စိုက်ပျိုးရေးပညာရှင်အဖွဲ့က Plant Biotechnologyဘာသာရပ်ကိုလည်းကောင်း၊ သစ်တောပညာရှင်အဖွဲ့က Biodiversity ဘာသာရပ်ကို လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့က မြန်မာတိုင်းရင်းကြက်မွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာများဘာသာရပ်ကိုလည်းကောင်း ဆွေးနွေးခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

သစ်တောပညာရှင်အစုအဖွဲ့များ ဆွေးနွေးပွဲကျင်းပစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

နေရောင်ခြည်စွမ်းအင်ဖြင့် စွမ်းအင်ထုတ်ရန် အာရှနှင့်ဥရောပနိုင်ငံများ သဘောတူညီ

နေရောင်ခြည်စွမ်းအင်ကိုအသုံးပြုကာ နျူကလီးယားစွမ်းအင်နှင့်ပေါင်းစပ်သုံးစွဲနိုင်မည့် စီမံကိန်းတစ်ရပ်ကို အာရှနိုင်ငံနှင့် ဥရောပနိုင်ငံများ မေ၂၄ရက်က သဘောတူညီခဲ့ကြပြီဖြစ်သည်။

သဘောတူညီ

ဒေါ်လာဘီလီယံပေါင်း အမြောက်အမြားကုန်ကျမည့် အဆိုပါ အစီအစဉ်ကို သက်ဆိုင်ရာနိုင်ငံများမှ စွမ်းအင်ဝန်ကြီးများက ဘရပ်ဆဲလ်မြို့တွင် တွေ့ဆုံဆွေးနွေးကာ သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် ပထမဆုံးအဖြစ် သဘာဝစွမ်းအင်ကဲ့သို့ အမြဲတမ်းစွမ်းအင် ထုတ်လုပ်ပေးမှုကို ခေတ်မီသိပ္ပံနည်းနှင့် နျူကလီးယားစွမ်းအင်တို့ ပေါင်းစပ်ကာ ဆောင်ရွက်မည့် စက်ရုံကို တည်ဆောက်ရန် အာရှမှ ဂျပန်၊ တရုတ်၊ရုရှား၊တောင်ကိုရီးယားနှင့် အိန္ဒိယတို့မှ ကိုယ်စားလှယ်များက သဘောတူညီခဲ့ကြပြီ ဖြစ်သည်။

အဆိုပါ စီမံကိန်းသည် စွမ်းအင်ပေါင်းစပ်ထုတ်လုပ်မည့် စီမံကိန်းဖြစ်ပြီး ကုန်ကျငွေပမာဏမှာ ယူရိုငွေ ၁၀ဘီလီယံရှိပြီး စွမ်းအားထုတ်လုပ်နိုင်မှုကို လာမည့်နှစ် ၃၀ကျော်တွင် စတင်နိုင်မည်ဟု ခန့်မှန်းထားသည်။

တည်ဆောက်မည့် နေရာမှာ ပြင်သစ်နိုင်ငံတောင်ပိုင်း ကာဒါရာချီဒေသ၌ ဖြစ်သည်။

ယခုကဲ့သို့ သဘောတူညီမှုရရှိခြင်းမှာ တစ်ကမ္ဘာလုံးစွမ်းအင် အကျပ်အတည်းကို ဖြေရှင်းရေး တစ်စိတ်တစ်ဒေသအဖြစ် ကမ္ဘာ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု တစ်ရပ်ပင်ဖြစ်ကြောင်း အီးယူ၏သိပ္ပံနှင့်နည်းပညာ သုတေသနပြုရေး ကော်မရှင်နာတစ်ဦး ဖြစ်သည့် ဂျိန်းဇ်ပိုတိုနစ်က သဘောတူလက်မှတ်ရေးထိုးပွဲ အခမ်းအနား၌ ပြောကြားသည်။

ခေတ်သစ်ပုံရိပ်

ကမ္ဘာ့စွမ်းအင်လိုအပ်မှု စိန်ခေါ်ခြင်းကို ဖြေရှင်းနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများက သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုသည် ခေတ်သစ်ပုံရိပ်တစ်ခုအဖြစ် ပြသလိုက်ခြင်းပင် ဖြစ်သည်။

အဆိုပါ စီမံကိန်းကို ၂၀၀၂ခုနှစ်မှ စတင်ကာ ၎င်းနိုင်ငံများက ဆွေးနွေးခဲ့ကြပြီး ယခု မေ ၂၄ရက်၌ သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

(ကိုးကား-အင်တာနက်)

လူနှင့်မျောက်ဝံတို့၏ မျိုးရိုးဗီဇခွဲထွက်မှုဖြစ်စဉ် လွန်ခဲ့သောနှစ်ပေါင်းငါးသန်းကျော်ကဟုခန့်မှန်း

လူနှင့် ချင်ပင်ဇီခေါ်မျောက်ဝံတို့ မျိုးရိုးဗီဇခွဲထွက်ခဲ့ခြင်းမှာ ယခင်တွေးထင်ထားသည်ထက် ပိုမိုနောက်ကျကောင်း နောက်ကျနိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောဆိုသည်။

ခန့်မှန်း

လူ၏ ဒီအင်န်အေနှင့် မျောက်ဝံ၏ ဒီအင်န်အေတို့ကို အသေးစိတ် ဆန်းစစ်ရာမှ လူနှင့်မျောက်ဝံတို့ နောက်ဆုံးမျိုးခွဲထွက်ခြင်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၅ဒသမ၄သန်းအတွင်းရှိမည်ဟု ခန့်မှန်းရသည်ဆို၏။

နောက်ကျနေ

သဘာဝဂျာနယ်၌ ဖော်ပြသည့် ဤတွေ့ရှိချက်အရ မျိုးခွဲထွက်မှုမှာ ကျောက်ဖြစ်ရုပ်ကြွင်းက ဖော်ပြသည် ထက် နှစ်တစ်သန်းမှ နှစ်သန်းခန့် အထိ နောက်ကျနေသည်။

ကျောက်ဖြစ်ရုပ်ကြွင်း

အာဖရိကတိုက်ရှိ ချဒ်နိုင်ငံမှ ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာရာ၌ လူနှင့်မျောက်ဝံတို့ မျိုးခွဲထွက်မှုမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၆ဒသမ၅သန်းမှ၇ဒသမ၄သန်းအတွင်းဖြစ်သည်ဟု တွက်ချက်ထားသည်။ ကျောက်ဖြစ်ရုပ်ကြွင်း**(ပုံ)**ကို လေ့လာတွက်ချက်မှုအရဆိုလျှင် မျိုးခွဲထွက်ပြီးမှ ပြန်လည်ရောယှက်ပြန်သဖြင့် ဒီအင်န်အေတွင် ယခုကဲ့သို့တွေ့ရှိခြင်းဖြစ်နိုင်ကြောင်း တွေးဆနိုင်သည်ဆို၏။

(ကိုးကား-အင်တာနက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

စာမျက်နှာ ၆ မှ

အပင်ဇီဝနည်းပညာ Plant Biotechnology ဘာသာရပ်ကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကထိက ဒေါ်ခင်သီတာမြင့်က ဆွေးနွေးတင်ပြခဲ့ရာ ဇီဝနည်းပညာကို အပင်ဇီဝနည်းပညာ၊ တိရစ္ဆာန်ဇီဝနည်းပညာ၊ စက်မှုကုန်ထုတ်ရေးဆိုင်ရာ နည်းပညာ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဇီဝနည်းပညာ၊ ဆေးသိပ္ပံဆိုင်ရာ ဇီဝနည်းပညာဟူ၍ ခွဲခြားထားကြောင်း၊ ယင်းတို့အနက်မှ အပင်ဇီဝနည်းပညာ Plant Biotechnology သည် အပင်ဆဲလ်များ၊ တစ်သျှူးများ၊ သန္ဓေလောင်းများ၊ အစေ့များနှင့် အပင်၏ အစိတ်အပိုင်း အမျိုးမျိုးဖြစ်သော အရွက်၊ ပင်စည်၊ အမြစ်၊ ဝတ်မှုန်စသည်တို့အား ပိုးသန့်အာဟာရပြင်ပေါ်တွင် အပင်ဖြစ်လာသည်အထိ အဆင့်ဆင့် မွေးမြူရသော နည်းပညာရပ်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

အပင်တစ်သျှူး

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်ပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မိခင်အပင်နှင့် တစ်သဝေမတိမ်း တူညီသော ပျိုးပင်ငယ်များကို စီးပွားဖြစ်အမြောက်အမြားထုတ်လုပ်ဖြန့်ချိလျက်ရှိသော ကုမ္ပဏီများသည် အပင်တစ်သျှူးမွေးမြူနည်းကို အသုံးပြုထုတ်လုပ်ခြင်း ဖြစ်ကြောင်း ဒေါ်ခင်သီတာမြင့်က အပင်ဇီဝနည်းပညာအကြောင်းကို အကျယ်တဝင့် ဆွေးနွေးခဲ့သည်။

တိုင်းရင်းကြက်မွေးမြူရေး

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့မှ ဒေါက်တာစောပလလယ်ဂေက မြန်မာ့တိုင်းရင်းကြက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရန် နည်းလမ်းအကြောင်းကို ဆွေးနွေးခဲ့သည်။

ကျေးလက်ဒေသ စိုက်ပျိုးရေးကဏ္ဍကို ဘက်စုံစိုက်ပျိုးမွေးမြူရေးအသွင်ဖြင့် ဆောင်ရွက်သွားနိုင်လျှင် တောင်သူလယ်သမားများ၏ စီးပွားရေး အခြေအနေမှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားအများစုမှာ စိုက်ပျိုးရေးကိုသာ စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်နေကြကြောင်း၊ အကျွမ်းတဝင်ရှိပြီး တိုင်းရင်းဒေသကြက်မွေးမြူရေးလုပ်ငန်းကို စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်လျက် ၎င်းနည်းပညာရပ်များ တောင်သူလယ်သမားများထံသို့ အရောက်ဖြန့်ဖြူးပေးခြင်းဖြင့် ဝင်ငွေတိုးကာ လူနေမှုအဆင့်အတန်းမြင့်မားလာစေမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

မြန်မာ့တိုင်းရင်း ကြက်များမှာ တိုက်ကြက်၊ လည်ပြောင်ကြက်၊ စစ်တကောင်းကြက်၊ ကြက်တိန်ညင်၊ အင်ပင်ကြက်၊ ရွှေတစ်ဆုပ်ကြက်၊ လုံးတီးကြက်နှင့် တောင်ပျံကြက်များ ဖြစ်ကြောင်း သိရသည်။

ဝင်ငွေတိုး

အဆိုပါ တိုင်းရင်းကြက်များကို ကျေးလက်နေတောင်သူလယ်သမားများက စိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲဖက်လျက် လုပ်ကိုင်သွားလျှင် ဝင်ငွေတိုး၍ လူနေမှုအဆင့်မြင့်မားလာနိုင်ကြောင်း ဒေါက်တာစောပလလယ်ဂေက ဆွေးနွေးတင်ပြသည်။

ဇီဝမျိုးစုံမျိုးကွဲ

အလားတူ သစ်တောရေးရာဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ထွန်းက မြန်မာနိုင်ငံရှိ ဇီဝမျိုးစုံမျိုးကွဲများ၏ အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ စတုရန်းကီလိုမီတာ ၆၆၇၅၅၃ အကျယ်အဝန်းမှာ ကမ်းခြေ သဘာဝတောများနှင့် တောင်ပူစာတောများ၊ လမုတောများ၊ မြစ်ဝကျွန်းပေါ်တောများ၊ အပူပိုင်းဒေသတောများ၊ မုတ်သုံသစ်တောများဖြင့် ဖုံးလွှမ်းနေကြောင်း ၎င်းကဆွေးနွေးပြောကြားသည်။

ထိန်းသိမ်းနိုင်

အဆိုပါ တောများအတွင်းမြန်မာ့သစ်တောဦးစီးဌာနက ထိန်းသိမ်းကြိုးပမ်းမှုကြောင့် ဇီဝမျိုးစုံမျိုးကွဲ သစ်ပင်သစ်တောများကို အများအပြားထိန်းသိမ်းထားနိုင်ကြောင်း ၎င်းကဆွေးနွေးတင်ပြသည်။

အဆိုပါ သစ်တောများအတွင်း နို့တိုက်သတ္တဝါမျိုးစိတ် ၃၅၀၊ တွားသွား သတ္တဝါ မျိုးစိတ်၃၀၀၊ ငှက်အမျိုးပေါင်း၁၀၀၀နှင့် သစ်ပင်မျိုးစိတ်၇၆၀၀ တို့သည် ဂေဟစနစ် မျှတစွာဖြစ်တည်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၏ ပဉ္စမနှစ်ပတ်လည် အစည်းအဝေးမှသည် စိုက်ပျိုးရေးနည်းပညာများ၊ သစ်တောနည်းပညာများနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရပ်များ တိုးတက်ဖြစ်ထွန်းလာမည်ဟု ယုံကြည်မိပါကြောင်း ရေးသားလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင် အစုအဖွဲ့ ဆွေးနွေးပွဲ ကျင်းပစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

စိုက်ပျိုးရေးပညာရှင် အစုအဖွဲ့ ဆွေးနွေးပွဲ ကျင်းပစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဆိုးလ်-ရန်ကုန်အကြား စင်းလုံးငှားလေယာဉ်ခရီးစဉ်များ ကိုရီးယားလေကြောင်းလိုင်း စတင်ပျံသန်း

ရန်ကုန် မေ ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့် လေကြောင်းပျံသန်းပို့ဆောင်ရေးအား တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့နှင့် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တို့အကြား ပျံသန်းပြေးဆွဲသည့် ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယားလေကြောင်းလိုင်း °(Korea Air)၏ စင်းလုံးငှားလေယာဉ်ခရီးစဉ်များကို မေ ၂၄ရက်မှစတင်၍ ပျံသန်းပြေးဆွဲနေပြီဖြစ်သည်။ ကိုရီးယားလေကြောင်းလိုင်း၏ Airbus A300-600R လေယာဉ်အမျိုးအစားသည် ခရီးသည် ၂၅၇ဦး အထိ တင်ဆောင်နိုင်စွမ်းရှိပြီး လေယာဉ်ခရီးစဉ်အမှတ် KE 6647 ဖြင့် ကမ္ဘာလှည့်ခရီးသွား ၁၇၅ဦးတင်ဆောင်၍ ဆိုးလ်မြို့ အင်ချွန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာပြီး မေ ၂၄ရက် ညနေ ၆နာရီ မိနစ် ၄၀တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်ခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ဦးဆောင်၍ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့လေကြောင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုခဲ့ကြသည်။

ပြန်လည်ထွက်ခွာ

ကိုရီးယားလေကြောင်းလိုင်းသည် ဆိုးလ်- ရန်ကုန်-ဆိုးလ် စင်းလုံးငှားလေယာဉ်ခရီးစဉ်သစ်ကို တစ်ပတ်လျှင်နှစ်ကြိမ် ပျံသန်းမည်ဖြစ်ရာ ဆိုးလ်မြို့မှ ရန်ကုန်မြို့သို့ မေလအတွင်း ဗုဒ္ဓဟူးနှင့် တနင်္ဂနွေနေ့များတွင် ရန်ကုန်မြို့သို့ မြန်မာစံတော်ချိန် ည ၇ နာရီတွင် ဆိုက်ရောက်ပြီး ည ၈ နာရီခွဲတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ ဇွန်လမှစ၍ အောက်တိုဘာလအထိ ဆင်းသက်မည့် နေ့ရက်နှင့် အချိန် များ ပြောင်းလဲပျံသန်းမည်ဖြစ်သည်။ ကိုရီးယားလေကြောင်းလိုင်း အနေဖြင့် ၎င်းပျံသန်းမှုအစီအစဉ်များကို အောက်တိုဘာလအထိ စုစုပေါင်း ၄၅ ခေါက် ပျံသွန်းသွားရန် စီစဉ်ထားကြောင်း သိရှိရသည်။

ကိုရီးယားလေကြောင်းလိုင်းသည် ယင်းကဲ့သို့ ဆိုးလ်-ရန်ကုန်-ဆိုးလ် စင်းလုံးငှားလေယာဉ်ခရီးစဉ်သစ်ကို စတင်ပျံသန်းနိုင်ခြင်းသည် နှစ်နိုင်ငံအကြား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ ကိုရီးယားလေကြောင်းလိုင်း၏ တင်ပြချက်အပေါ် ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် သက်ဆိုင်သော အာဏာပိုင်အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။ နိုင်ငံတော်ပိုင် လေကြောင်းလိုင်းဖြစ်သည့် မြန်မာ့လေကြောင်းကလည်း ယခုနှစ် အောက်တိုဘာလကုန်မှစ၍ မြန်မာ-ကိုရီးယားနှစ်နိုင်ငံ တိုက်ရိုက်လေကြောင်း ပျံသန်းပို့ဆောင်နိုင်ရန်အတွက် အစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ မြန်မာ့လေကြောင်းနှင့် ကိုရီးယားလေကြောင်းလိုင်းတို့သည် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက် နှစ်နိုင်ငံအကြား လေကြောင်းပို့ဆောင်ရေး မြှင့်တင်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုသင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၆

လူငယ်များအတွက် ထေရဝါဒဗုဒ္ဓအဆုံးအမနှင့်အညီ မှန်ကန်သည့် အတွေးအခေါ်အယူအဆများတိုးတက်ပြီး ကိုယ်ကျင့်တရား ကောင်းများမွေးမြူကျင့်ကြံတတ်စေရန် ရည်ရွယ်၍ လူငယ့်ယဉ်ကျေးမှုမျက်ပွင့်သင်တန်းကို ဇွန် ၁၀ရက်မှ ၁၆ရက်အထိ နံနက်၈နာရီမှ ညနေ၃နာရီခွဲအတွင်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီးရှိ ဥသာမဏောမ္မဗိမာန်၌ ပို့ချသင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူ အသက် ၁၅နှစ်မှ၂၇ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးများသည် ဖုန်း-၃၈၇၃၆၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။**(က-ပ)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် မေလအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၂၈-၅-၂၀၀၆)ရက်နေ့

၂၀၀၆ခုနှစ် ဇွန်လအတွက်

(၁၁-၆-၂၀၀၆)ရက်နေ့နှင့်

(၂၅-၆-၂၀၀၆)ရက်နေ့

သိပ္ပံနှင့်နည်းပညာရပ်များ နိုင်ငံတကာအဆင့်မီတိုးတက်ဖြစ်ထွန်းရေး ပညာရှင်ကြီးများ ပညာရပ်ဆိုင်ရာအခန်းကဏ္ဍမှ ဆက်လက်ပါဝင်ကြိုးပမ်း

■ *ကျော်ဖုံးမှ*

ပဓာနကျ

ယနေ့မျက်မှောက်ခေတ်ကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် မိမိနိုင်ငံသူ မိမိနိုင်ငံသားများ၏ စည်းလုံးညီညွတ်မှု၊တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ထက်သန်ခိုင်မာမှုတို့လိုအပ်သည့်အပြင် နည်းပညာစွမ်းပကားမြင့်မားမှုသည်လည်း ပဓာနကျသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း။

အထူးသဖြင့် နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် တန်းတူရည်တူယှဉ်တွဲဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာစွမ်းအားဖြင့်သာ မြှင့်တင်တည်ဆောက်ပေးနိုင်မည်ဖြစ်ကြောင်း။

မူဝါဒချမှတ်ကျင့်သုံး

ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိုင်ရာဆိုင်ရာကဏ္ဍများအလိုက် ခေတ်မီနည်းပညာများ၊ ခေတ်မီအီလက်ထရွန်နစ်နှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာများတိုးတက်မြင့်မားစေရန်နှင့် အရည်အသွေးပြည့်ဝမြင့်မားသည့် အသိပညာရှင် အတတ်ပညာရှင်များ စဉ်ဆက်မပြတ်မွေးထုတ်နိုင်စေရန်အတွက် နိုင်ငံတော်အစိုးရက မူဝါဒတစ်ရပ်အဖြစ် ချမှတ်ကျင့်သုံးဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

ယင်းသို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ နယ်ပယ်ကဏ္ဍစုံတွင် သက်ဆိုင်ရာနည်းပညာများ၊ အတတ်ပညာများ တိုးတက်မြင့်မားစေရေးနှင့် ပညာရှင်ကြီးများသည် ပဓာနကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိသည့်အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ပညာရှင်အဖွဲ့(Academy)များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ နှစ်အနည်းငယ် အတွင်းတွင်ပင်ထူးခြားထင်ရှားသည့် အကျိုးရလဒ်ကောင်းများ ရရှိနေသည်ကိုတွေ့မြင်နေရပြီဖြစ် ကြောင်း။

ထို့အတွက် စိုက်ပျိုးရေး၊သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့အပါအဝင် ပညာရှင်အဖွဲ့ အသီးသီး၏ကြိုးပမ်းစွမ်းဆောင်အောင်မြင်မှုများကို နိုင်ငံတော်အစိုးရကိုယ်စား ဂုဏ်ပြုချီးကျူးပါကြောင်း။

ဆက်လက်ကြိုးပမ်း

ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုထိထိရောက်ရောက် မြှင့်တင်ပေးနိုင်မည့် သိပ္ပံနှင့်နည်းပညာရပ်များ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအသီးသီးတွင် နိုင်ငံတကာအဆင့်မီ တိုးတက်ဖြစ်ထွန်းလာရန်၊ နိုင်ငံတကာအသိုင်းအဝိုင်းတွင် မိမိတို့၏ အမျိုးသားအကျိုးစီးပွားကို ပညာရပ်ဆိုင်ရာစွမ်းပကားဖြင့် ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်ရန်၊ နိုင်ငံတကာသိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ဖြစ်ထွန်းမှုများနှင့် တစ်ပြေးညီယှဉ်တွဲပြီး မိမိတို့၏ အမျိုးသားစီးပွားရေးကို အခိုင်အမာတည်ဆောက်ထားနိုင်စေရန် ပညာရှင်ကြီးများအားလုံးက ပညာရပ်ဆိုင်ရာ အခန်းကဏ္ဍက ဆက်လက်ပြီးပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့အချိန်အခါကာလတွင် စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေ လုပ်ငန်းကဏ္ဍများသည် အခြားသော ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်ကဏ္ဍများနှင့်အလားတူမြင့်မားသည့် နည်းပညာများကို အသုံးပြုဆောင်ရွက်နိုင်မှသာ ရည်မှန်းချက်အောင်မြင်ပြည့်မြောက်နိုင်မည့်အခြေအနေကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ထိထိရောက်ရောက်အသုံးပြု

ဤတွင်မက စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများသည် နိုင်ငံ၏ စီးပွားရေးကို ထိရောက်စွာတိုးမြှင့်ပေးနိုင်သည့် စီးပွားရေးကဏ္ဍများဖြစ်သကဲ့သို့ ပြည်သူများအတွက် ကျန်းမာရေးနှင့်ညီညွတ်သောစားနပ်ရိက္ခာထုတ်လုပ်ရေး၊ သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရက္ခနှင့်ဇီဝမျိုးစိတ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဂေဟစနစ်မပျက်ယွင်းစေရအောင် ထိန်းသိမ်းကာကွယ်ရေးစသည့် ရှုထောင့်အသွယ်သွယ်က ထိန်းညှိဆောင်ရွက်ရသည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်ခြင်းကြောင့် နိုင်ငံတကာတွင်ဖြစ်ထွန်းနေသည့် နက်နဲသိမ်မွေ့ပြီး အရည်အသွေးမြင့်မားသည့် နည်းပညာများကို ဤနယ်ပယ်ကဏ္ဍ အသီးသီးတွင် လိုက်လျောညီထွေစွာ ထိထိရောက်ရောက်အသုံးပြုသွားနိုင်ရန် အလွန်ပင်အရေးကြီးကြောင်း။

ယင်းရည်မှန်းချက်များ ပြည့်မြောက်ရေးတွင် စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှု၊ ပညာပိုင်းဆိုင်ရာအရ ဦးဆောင်ဦးရွက် ပြုနိုင်မှုတို့သည် ပဓာနကျသည့် အခန်းကဏ္ဍတွင်ရှိနေကြောင်း။

အကျိုးရှိအောင်အသုံးချ

နိုင်ငံတော်အတွက် အဘက်ဘက်က အကျိုးကျေးဇူး ဖြစ်ထွန်းစေနိုင်သည့် လယ်ယာ၊ သားငါးနှင့် သစ်တောသယံဇာတများကို ခေတ်မီနည်းပညာရပ်များနှင့်ပေါင်းစပ်ပြီး အကျိုးရှိအောင် အသုံးချနိုင်မှသာ နိုင်ငံတော်၏ တန်ဖိုးမဖြတ်နိုင်သည့် သယံဇာတများကို အမျိုးသားရေးအကျိုးစီးပွားအတွက် ထိုက်ထိုက်တန်တန် အသုံးပြုရာရောက်မည်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီးတွင် ဇီဝနည်းပညာဟုခေါ်သည့် Biotechnology ပညာရပ်သည် ထူးထူးခြားခြားလျင်မြန်စွာ တိုးတက်ပြောင်းလဲနေကြောင်း၊ ယင်းဇီဝနည်းပညာကို လူသားများအတွက် အကျိုးရှိစွာသုံးစွဲနိုင်ရေးသည် အလွန်ပင်အရေးပါကြောင်း၊ ဇီဝနည်းပညာကို အသုံးပြုပြီး ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် ဆောင်ရွက်နေရသည့် အချိန်အခါလည်းဖြစ်ကြောင်း။

ယှဉ်တွဲဆောင်ရွက်

မြန်မာနိုင်ငံတော်ကြီးသည် ဇီဝမျိုးစုံမျိုးကွဲများ(Biodiversity) ပေါများကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ဇီဝနည်းပညာအသုံးပြုရာတွင် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်မှုမရှိအောင် စီမံဆောင်ရွက်သွားကြရမည်ဖြစ်သည့်အပြင် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးကိုပါ ယှဉ်တွဲဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ပညာရှင်များ၊ သုတေသီများအနေဖြင့် မိမိတို့ဆောင်ရွက်နေသည့် ဘာသာရပ်အလိုက်သုတေသနလုပ်ငန်းများကို ကမ္ဘာ့အဆင့်နှင့်လိုက်လျောညီထွေဖြစ်အောင် ကြိုးစားသွားရမည်ဖြစ်သကဲ့သို့ ရက္ခနှင့်ဇီဝ မျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ရေးကို မထိခိုက်စေရအောင် သတိနှင့်ယှဉ်ပြီး တီထွင်ကြံဆဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

သုတေသနလုပ်ငန်း လုပ်ကိုင်ရာတွင် ရှိပြီးလူ့စွမ်းအားနှင့် နည်းပညာစွမ်းအားများကို ယခုထက်ပိုမိုပြီးကောင်းမွန်အောင်၊ ပြည့်စုံအောင်၊ ဖွံ့ဖြိုးအောင် အစီအစဉ်ချပြီး လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း။ အခြေခံ အဆင့်ကစပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည်အထိ ကိုယ့်ခွန်ကိုယ့်အားဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် လူ့စွမ်းအားနှင့် လုပ်ငန်းအံဝင်ခွင်ကျဖြစ်ပြီး ကြိုးကြိုးစားစားလုပ်ကိုင်ကြရန် အရေးကြီးကြောင်း။

ပံ့ပိုးဆောင်ရွက်

စိုက်ပျိုးရေးကဏ္ဍတွင် ရေမြေသဘာဝစွမ်းအားများတွင် အပြည့်အဝဖော်ထုတ်အသုံးချရေး၊ သီးနှံစိုက်စွမ်းအားနှင့် သီးနှံထွက်စွမ်းအားတိုးမြှင့်ရေး၊ စက်ယန္တရားအင်အား တိုးမြှင့်သုံးစွဲရေး၊ ခေတ်မီစိုက်ပျိုးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များသုံးစွဲရေး စသည့်လုပ်ငန်း လိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်နိုင်ရေးအတွက် ပညာရှင်ကြီးများ၏ ခေတ်မီနည်းပညာ စွမ်းအား၊ သုတေသနစွမ်းအားတို့နှင့် ပေါင်းစပ်ထောက်ကူပေးရန်လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့်အဝန်း သစ်တောများဖုံးလွှမ်းပြီးစိမ်းလန်းရမည်ဆိုသည့် ရည်မှန်းချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ယခုဆိုလျှင် မြန်မာပြည်အလယ်ပိုင်း၊ အပူပိုင်းဒေသများ ပြန်လည်စိမ်းလန်းစိုပြည်လာပြီဖြစ်ကြောင်း၊ ထို့အပြင် ရပ်ရွာကျေးရွာများဖွံ့ဖြိုးလာမှ တောတောင်သစ်ပင်များ ရှင်သန်စိမ်းလန်းပြီး သဘာဝပတ်ဝန်းကျင်လည်း တည်ငြိမ်မည်ဆိုသည့်ရည်မှန်းချက်ဖြင့် ကျေးရွာလူထုဖွံ့ဖြိုးရေးအတွက်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ဦးဆောင်လမ်းပြ

ပညာရှင်ကြီးများ အပိုင်းကလည်း နိုင်ငံတော်အစိုးရ၏ သစ်တောကဏ္ဍရည်မှန်းချက်များဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေမြေသဘာဝရာသီဥတုမျှတစေရေးအတွက် သစ်သယံဇာတများ စည်းကမ်းနည်းလမ်းတကျ အကျိုးရှိစွာ ထုတ်လုပ်ရေး၊ ထုတ်ကုန်များကို အဆင့်မြင့်နည်းပညာများအသုံးပြုပြီး တန်ဖိုးမြှင့်တင်နိုင်ရေး၊ သစ်တောထိန်းသိမ်းရေး၊ ပြန်လည် ပြုစုပျိုးထောင်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ ရက္ခ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်တည်တံ့စေရေး အပိုင်းများကို ဟန်ချက်ညီညီ ဖြစ်ထွန်းလာစေရအောင် နည်းပညာရပ်ဆိုင်ရာ ကဏ္ဍက ဦးဆောင်လမ်းပြပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

အလားတူပင် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍကိုကြည့်လျှင် မွေးမြူရေးနှင့်ရေလုပ်ငန်းများသည် မြန်မာနိုင်ငံပြည်သူများအနေဖြင့် ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်လာကြသည့် လုပ်ငန်းများဖြစ်သည့် အတွက်လုပ်ငန်းနှင့်ဆက်နွှယ်သည့်အခြေခံပညာရပ်များကို သိရှိနားလည်ကြပြီးဖြစ်ကြောင်း၊ ယင်းသို့ သိရှိကျွမ်းဝင်ပြီးသား အခြေခံကောင်းများကို ခေတ်မီနည်းစနစ်များနှင့် ပေါင်းစပ်ဖွံ့ဖြိုးတိုးတက်စေရန် အလေးပေးဆောင်ရွက်သွားခြင်းဖြင့် အသားနှင့် ငါးထုတ်လုပ်မှုကို သိသာစွာ တိုးတက်စေပြီး ဈေးနှုန်းတည်ငြိမ်မှုရရှိစေမည် ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ပကြက်၊ ဝက်မျိုးများကိုသာအားကိုးခြင်းထက် ပြည်တွင်းရှိ မျိုးကောင်းမျိုးသန့်များကို ရှာဖွေဖော်ထုတ်ပြီး မိမိတိုင်းပြည်၏ ရေမြေသဘာဝ၊ ရာသီဥတု၊ အစာအာဟာရတို့နှင့် သဟဇာတဖြစ်စေမည့် မွေးမြူရေးနည်းစနစ်တို့ကို ကျင့်သုံးခြင်းအားဖြင့် မွေးမြူရေးလုပ်ငန်းကို ပိုမိုဖွံ့ဖြိုးအောင် မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ မွေးမြူ ထုတ်လုပ်ရေး၊ မျိုးကောင်းမျိုးသန့်ပြန့်ပွားရေး၊ မွေးမြူရေးဆိုင်ရာ နည်းပညာများတိုးတက်ဖြစ်ထွန်းရေး၊ မြန်မာ့အဏ္ဏဝါနှင့် ငါးပုစွန်သယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးမပြုန်းတီးစေဘဲ စနစ်တကျ ထုတ်နုတ်သုံးစွဲနိုင်ရေးတို့အတွက် လိုအပ်သည့် သုတေသနလုပ်ငန်းများ၊ နည်းပညာတိုးတက်ရေးလုပ်ငန်းများကိုပါ အလေးထားဆောင်ရွက်ပေးကြရန် ပညာရှင်ကြီးများကို တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့အချိန်အခါသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ယှဉ်တွဲဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံသူနိုင်ငံသားတိုင်းက မိမိတို့ကျရာအခန်းကဏ္ဍက ပါဝင်ကြိုးပမ်းဆောင်ရွက်သွားရမည့် အချိန်အခါဖြစ်သည့်အလျောက် ပညာရှင်ကြီးများအနေဖြင့်–

- **တန်ဖိုးမဖြတ်နိုင်သည့်အတွေ့အကြုံ ဗဟုသုတနှင့်ပညာရပ်ဆိုင်ရာ စွမ်းပကားကို ထိထိရောက်ရောက်အသုံးချပြီး စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများကနေ မိမိတိုင်းပြည်၊ မိမိလူမျိုးအတွက် အနာဂတ်ကာလတိုင် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေရအောင် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ။**
- **နိုင်ငံတော်၏ အဖိုးမဖြတ်နိုင်သည့် ရေမြေသယံဇာတများကို နိုင်ငံတော်နှင့်ပြည်သူတို့အတွက် အကျိုးအရှိဆုံးဖော်ထုတ်သုံးစွဲနိုင်စေရအောင် မိမိတို့ကျွမ်းကျင်ရာပညာရပ်များဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါ။**
- **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားစီးပွားရေးအဆင့်အတန်းတိုးတက်ရေးတွင် ပဓာနအကျဆုံးဖြစ်သည့် ခေတ်မီနည်းပညာများကို အကျိုးရှိစွာအသုံးချရေး၊ မျိုးဆက်သစ် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပြုစုပျိုးထောင် မွေးထုတ်ပေးရေးတို့အတွက် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့်ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ အမှုဆောင်များ၊ အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၇-၅-၂၀၀၆ရက်

(စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အကပြိုင်ပွဲ
- ၈:၀၅ ၆။ ပန်းလှိုင်တံတား
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Happy and Educational English Summer Course MRTV

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၅ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"Doraemon"**
- ၁၂:၂၀ ၆။ ကြားမြင်သုတ ပြည့်ဝစေရာစာပဒေသာ
- ၁၂:၃၀ ၇။ **"ရှင်နှောင်း ကျောင်းရောက်ပြီ"** ကြည်စိုး၊ ထူးသာ၊ ချောနုဝင်း (ဒါရိုက်တာ–ခင်ဇော်–ကေသီပန်)
- ၁၂:၅၀ ၈။ ဖွံ့ဖြိုးသာယာကပိုင်စံပြကျေးရွာ
- ၁၃:၀၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၃:၃၀ ၁၀။ ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်–မိုးနဲ ရထားလမ်းသစ်
- ၁၃:၄၅ ၁၁။ အကပြိုင်ပွဲ
- ၁၃:၅၅ ၁၂။ **"မမြင်ကွယ်ရာ"** မောင်မောင်မျိုးသန့်၊ မတူး၊ မောင်မောင်မြင့် ဒါရိုက်တာ–စိုးဟိန်း (မန်းတက္ကသိုလ်)
- ၁၄:၀၅ ၁၃။ ကံတင်ဘီးလင်း ရေလှောင်တမံ
- ၁၄:၂၀ ၁၄။ အဆိုပြိုင်ပွဲ
- ၁၄:၃၀ ၁၅။ အာရှဘိလိယက်ချန်ပီယံမြန်မာ
- ၁၄:၄၅ ၁၆။ International News

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
- ၁၇:၁၀ ၆။ အဆိုပြိုင်ပွဲ
- ၁၇:၁၅ ၇။ နားဝင်ပီယံသူ့လက်သံ
- ၁၇:၂၀ ၈။ **"ဒီအိုတီအက်စ်"** ဖိုးဖြူ၊ ကျော်ထူး၊ ခိုင်သင်းကြည်၊ ကြူကြူသင်း (ဒါရိုက်တာ–သိန်းဟန်)
- ၁၇:၃၀ ၉။ တေးဂီတအစီအစဉ်
- ၁၇:၄၀ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၈:၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၃။ Discovery
- ၁၈:၅၀ ၁၄။ အကပြိုင်ပွဲ
- ၁၈:၅၅ ၁၅။ တေးဂီတအစီအစဉ်
- ၁၉:၁၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ကံကောင်းခြင်းအိပ်မက်"** (အပိုင်း–၁၇)
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း–၄၇)
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ရန်ကုန်တောင်ပိုင်းခရိုင်ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ မြို့နယ်လုံးကျွတ် ခြစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို မေ ၂၀ ရက်က တပင်ရွှေထီးရပ်ကွက်တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်စီတို့က ခြံစည်းရိုးကြက်ဆူပင် ဦးဆောင်စိုက်ပျိုးပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

✡ **ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် နံနက်၁၀နာရီခွဲတွင် မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိလာရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဧည့်ခန်းမ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကျောက်စိမ်းနှင့် ကျောက်မျက်ဈေးကွက်ဖြစ်ပေါ်လာရေး၊ နိုင်ငံတော်နှင့် ကျောက်မျက်လုပ်ငန်းရှင်များ နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းရေး၊ ကျောက်မျက်ရတနာ ထုတ်လုပ်မှုနှင့် ရောင်းချမှု ဟန်ချက်ညီရေးတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည်နှင့်အညီ ၂၀၀၆ခုနှစ် ဇွန်၊ ဇူလိုင်လတွင် ကျောက်စိမ်း ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကို ကျင်းပသွားမည်ဖြစ်ပါကြောင်းဖြင့် ပဏာမရှင်းလင်းတင်ပြပြီး ကျောက်စိမ်း ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲကို ၂၀၀၆ခုနှစ် ဇွန် ၂၀ရက်မှ ဇူလိုင်၄ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမတို့၌ ကျင်းပမည့် အစီအစဉ်၊ ကျောက်စိမ်း ကျောက်မျက်နှင့် ပုလဲများကို နိုင်ငံခြားငွေ၊ မြန်မာကျပ်ငွေတို့ဖြင့် ရောင်းချမည့်အစီအစဉ်၊ ရတနာပြပွဲသို့ တက်ရောက်ရန် ပြည်ပရတနာကုန်သည်များနှင့် ပြည်တွင်းမှ နိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ကြားထားမှုအခြေအနေ၊ တင်ပြရောင်းချရန်လျာထားသည့် ကျောက်စိမ်း ကျောက်မျက်၊ ပုလဲအတွဲများ အခြေအနေ၊ ယခင် ကျောက်စိမ်းအထူးရောင်းချပွဲများတွင် ကျောက်စိမ်းရိုင်းများ တင်ပြရောင်းချခဲ့မှုအခြေအနေ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲများ ကျင်းပခဲ့မှုနှင့် ၂၀၀၆ခုနှစ် ဇွန်၊ ဇူလိုင် အထူးရောင်းချပွဲတွင် ကျောက်စိမ်းအတွဲများ ပိုမိုတင်ပြနိုင်ရေးနှင့် နိုင်ငံခြားငွေ ပိုမိုရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လမ်းညွှန်မှာကြားရာတွင် ယခုကဲ့သို့ ကျောက်စိမ်း ကျောက်မျက်ရောင်းချပွဲတွင် နိုင်ငံတော်က ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များ လုပ်ကိုင်ခွင့်ချထားပေးသော ပုဂ္ဂလိကကုမ္ပဏီများ၊ နိုင်ငံတော်နှင့် အကျိုးတူ ပူးပေါင်းလုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများအားလုံးက လာရောက်ပြသ ရောင်းချနိုင်ရေးကို သတ္တုတွင်းဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မရောင်းချနိုင်သော ကုမ္ပဏီများအနေဖြင့် မည်သည့်အကြောင်းကြောင့် မရောင်းချနိုင်သည်ကို လေ့လာစိစစ်အဖြေရှာ၍ လိုအပ်သည့်ဆောင်ရွက်မှုများ ပြုလုပ်သွားရန်ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကျောက်စိမ်း ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ပြန်လည်စိစစ်

ကျောက်စိမ်း၊ ကျောက်မျက်များကို သစ်ကဲ့သို့ အချောထည်ပြုလုပ်၍ တင်ပြရောင်းချနိုင်အောင် ပုဂ္ဂလိကရတနာကုမ္ပဏီများကို နည်းပညာပံ့ပိုးပေးခြင်းဖြင့်လည်းကောင်း၊ ဈေးကွက်ရှာဖွေပေးခြင်းဖြင့်လည်းကောင်း အားပေးကူညီသွားရန်လိုကြောင်း၊ သစ်အချောထည်များ၊ ကျောက်စိမ်း ကျောက်မျက်အချောထည်များကို နိုင်ငံတကာကုန်စည်ပြပွဲ (Trade Fair) များတွင် သွားရောက်ရောင်းချနိုင်အောင် သက်ဆိုင်ရာဝန်ကြီးဌာနများက ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ပြည်ပသို့သွားရောက်ရောင်းချသည့်ကုမ္ပဏီများ ပြန်ရောက်သည့်အခါတွင်လည်း မည်သည့်ပစ္စည်းများ အဝယ်လိုက်သည်၊ မည်သည့်ပစ္စည်းများ အဝယ်နည်းသည်ကို ပြန်လည်စိစစ် သင်ခန်းစာယူ၍ ပိုမိုရောင်းချရရှိရေး စီစဉ်ဆောင်ရွက်သွားရန်လိုကြောင်း။

ကျောက်စိမ်း ကျောက်မျက်၊ ပုလဲများ ခင်းကျင်းပြသရာတွင် ဝယ်ယူမည့်သူအား ဆွဲဆောင်နိုင်အောင်နှင့် အကောင်း၊ အညံ့စုံလင်အောင် ခင်းကျင်းပြသရန်ဖြစ်ကြောင်း၊ ယခု ကျောက်စိမ်း ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲသို့ လာရောက်ကြမည့် ပြည်ပမှ ရတနာကုန်သည်များ တည်းခိုနေထိုင်သွားလာရေး၊ ဝယ်ယူသည့်ပစ္စည်းအတွက် ငွေကြေးပေးချေရေး၊ ဝယ်ယူပြီး ပစ္စည်းများကို သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေးတို့မှစ၍ အစစအရာရာ အဆင်ပြေချောမွေ့ပြီး စိတ်ချမ်းသာပျော်ရွှင်စွာ နေထိုင် ဝယ်ယူသွားနိုင်အောင် သက်ဆိုင်ရာဌာနအသီးသီးက မိမိတို့နှင့် သက်ဆိုင်သည့်ကဏ္ဍအလိုက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မြန်မာကွန်ဗင်းရှင်းစင်တာ ဧည့်ကြိုခန်းမနှင့် ဝင်းအတွင်း ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ နေ့လယ်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ပြည်သူအများဒုက္ခရောက်စေမည့် စီးပွားရေးပိတ်ဆို့မှုကို ပြည်ပနိုင်ငံများသို့ တွင်တွင်တိုက်တွန်းတောင်းဆိုနေ ပါတီ၏လုပ်ဆောင်ချက်များကို စိတ်ကုန်လာ ကလောမြို့နယ် NLD အလုပ်အမှုဆောင်ခုနစ်ဦးစုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ(၁) ဦးကံရွှင်၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးကျော်ထွန်း၊ အတွင်းရေးမှူး ဦးမျိုးဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးရဲကိုကိုလွင်၊ ဘဏ္ဍာရေးမှူး ဦးကျော်ဝင်း၊ လူမှုအထောက်အကူပြု ဦးဉာဏ်နှင့် အမျိုးသမီးရေးရာအဖွဲ့ခေါင်းဆောင် ဒေါ်ခင်ခင်အေးတို့ ခုနစ်ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာကို စုပေါင်းလက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများ ပေးပို့အကြောင်းကြား နုတ်ထွက်ခဲ့ကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံးသို့ပေးပို့သည့် အဆိုပါ ကလောမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အလုပ်အမှုဆောင် ခုနစ်ဦးတို့၏ နုတ်ထွက်လွှာတွင် ၎င်းတို့သည် ဒီမိုကရေစီရရှိရေးအတွက် ပါတီနိုင်ငံရေးကို ရိုးသားသန့်ရှင်းစွာ ဆောင်ရွက်၍ ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားကို ထိရောက်စွာ သယ်ပိုးဆောင်ရွက်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် NLD ပါတီသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း။

သို့ရာတွင် NLD ပါတီ၏ ခေါင်းဆောင်ပိုင်းသည် အောက်ခြေပါတီဝင်များ၏ ဆန္ဒသဘောထားများကို လျစ်လျူရှုပြီး ငါတကောကော လုပ်ဆောင်၍ အမျိုးသားညီလာခံမှ ကျောခိုင်းထွက်ခွာကာ နိုင်ငံတော်အစိုးရနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံမည့်လမ်းကြောင်းကိုသာ ဆက်လက်အားထုတ် လုပ်ဆောင်နေသဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့် သွေဖည်နေကြောင်း၊ ပြည်တွင်းအားကို လျစ်လျူရှု၍ ပြည်ပကိုသာ အားကိုးပြီး ပြည်ပသြဇာခံ ကြိုးဆွဲရာ ကနေကြောင်း၊ ပြည်သူအများ ဒုက္ခရောက်စေမည့် စီးပွားရေးပိတ်ဆို့မှုကိုသာ ပြည်ပနိုင်ငံများသို့ တွင်တွင်တိုက်တွန်း တောင်းဆိုနေခြင်းကြောင့် NLD ပါတီ၏ လုပ်ဆောင်ချက်များကို စိတ်ကုန်လာသဖြင့် ၎င်းတို့၏ သဘောဆန္ဒအလျောက် NLD ပါတီဝင်အဖြစ်မှလည်းကောင်း၊ ပါတီ၏ တာဝန်များမှလည်းကောင်း အပြီးအပိုင် နုတ်ထွက်ကြခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန အထွေထွေကျန်းမာရေးစစ်ဆေး

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရှိ ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန၏ မူလတန်းကြိုကျောင်း၌ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ကျောင်းဝင်ခွင့်ရရှိသော ကလေးငယ်များအား ကျောင်းဝင် ကျန်းမာရေးပဏာမစစ်ဆေးခြင်းကို မေ၂၅ရက်နှင့် ယနေ့တို့တွင် ပြုလုပ်ရာ ကလေးအထူးကုဆရာဝန်ကြီးများဖြစ်ကြသော ဒေါက်တာစံကျော်၊ ဒေါက်တာဒေါ်ခင်သက်မြိုင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဆရာဝန်များက ကလေးငယ် ၁၆၅ဦးတို့အား အထွေထွေကျန်းမာရေး စစ်ဆေးပေးကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မေ ၁၉ ရက်က ဆိပ်ကမ်းမြို့နယ် မြေကွက်လပ်တွင် ခြစ်စည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များနှင့် ပြည်သူများ ကြက်ဆူပင်များ စိုက်ပျိုးကြစဉ်။

(ခရိုင် ပြန်/ဆက်)

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (မေ ၂၇ ရက်) ၌ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၅-၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲအကြို မြန်မာပိုက်ကျော်ခြင်းအဖွဲ့၏ လေ့ကျင့်ပြင်ဆင်နေမှုများ
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	အမှတ်(၃)သတ္တုတွင်း လုပ်ငန်း
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	ပြည်တွင်းသတင်းအကျဉ်း
၈း၁၀	စားချင်စဖွယ်မုန့်လုပ်နည်း အသွယ်သွယ်
၈း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၀	စက်မောင်းဆီအစားထိုးနိုင်ဖို့ ပရိဂျူဆာဂက်စ်ကိုသုံးကြစို့
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	Business Talk(1) (ဦးမျိုးမြတ်သူ၊ ဦးဌေးဝင်း၊ ဦးဘုန်းခိုင်ဝင်း)
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	အောင်မြင်ရှင်သန်နေသော ရော်ဘာစိုက်ခင်းရရှိရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	လင်းလက်နေဆဲ ကြယ်တစ်ပွင့် (ငွေကမ္ဘာ ကမ္ဘာလှည့် တင်တင်စိန်)
၉း၄၅	ပြည်တွင်းသတင်းအကျဉ်း
၉း၅၅	လူငယ်အာဟာရ (လင်းလင်းနှင့်တွေ့ဆုံခြင်း)
၁၀း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀	သွက်လက်ဆန်းသစ် မိုင်းတုံ Jeep
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ဝယ်ချင်စရာမျိုးစုံစွာ
၁၁း၀၀	မိုးလေဝသခန့်မှန်းချက်
၁၁း၀၅	ဆီးချိုသွေးချိုရောဂါအကြောင်း ဟောပြောချက် (အပိုင်း-၂)
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	မြန်မာ-ထိုင်း ချစ်ကြည်ရေး ရေကူးသရုပ်ပြပွဲ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆီအုန်းစိုက်ပျိုးရေး

ကြည်တင်
(မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)

ဆီအုန်းပင် Oil Palm (Elaeis guineensis)၏ မူရင်းဒေသမှာ အနောက်ဂီနီကျွန်းစု (West Africa) ဖြစ်ပါသည်။ ၁၅ ရာစု နောက်ပိုင်းတွင် Africa မှတစ်ဆင့် အရှေ့တောင်အာရှနှင့် လက်တင်အမေရိကနိုင်ငံများ၏ အီကွေတာရပ်ဝန်းတစ်လျှောက်သို့ ပျံ့နှံ့ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ဆီအုန်းကို ၁၉၂၁ ခုနှစ်ကတည်းက လယ်ယာစိုက်ပျိုးရေးဌာနခွဲ လက်အောက်ရှိ မုဒုံ၊ မော်ဘီ၊ မြောင်းမြနှင့် စစ်တွေ ဗဟိုစိုက်ပျိုးရေးဥယျာဉ်များတွင် စမ်းသပ်တင်သွင်းစိုက်ပျိုးခဲ့ရာ အချို့စိုက်ခင်းများမှာ တိမ်ကောပပျောက်ခဲ့သော်လည်း ထားဝယ်ခရိုင် ရေဖြူမြို့နယ် ဧကနိကျေးရွာရှိ ၁၉၂၆ ခုနှစ်၌ စိုက်ပျိုးထားခဲ့သော ဆီအုန်းစိုက်ခင်း Dura စစ်စစ် မိခင်ပင်၂၈၃ဧကမှာ ယနေ့တိုင် ရှင်သန်ဖြစ်ထွန်းနေပါသည်။

အလားတူ ၁၉၆၀ပြည့်နှစ်တွင် မလေးရှားနိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့မှ ဆီအုန်းမျိုးစေ့ ၂၅၀၀ကျော်ခန့် ဆက်သွယ်ရရှိခဲ့သဖြင့် မြိတ်ခရိုင် ဘုတ်ချောင်းကျေးရွာတွင် စိုက်ပျိုးခဲ့ပါသည်။ ၁၉၇၂ခုနှစ်တွင် ပြည်တွင်း၌ နှစ်စဉ်တင်သွင်းနေရသော စားသုံးဆီတန်ချိန် ၁ဒသမ၅သိန်းကို အစားထိုးနိုင်ရန်အတွက် သီးနှံများတွင် ဆီအထွက်နှုန်း အကောင်းဆုံးဖြစ်ပြီး နှစ်ပေါင်းများစွာ ဆီထုတ်ယူနိုင်သည့် ဆီအုန်းကို နိုင်ငံတော်က အောက်ပါဒေသများ၌ တိုးချဲ့စိုက်ပျိုးခဲ့ပါသည်-

စဉ်	စိုက်ပျိုးသည့်ခုနှစ်	စိုက်ပျိုးရာဒေသ	စိုက်ဧက
၁	၁၉၇၂-၁၉၈၀	ပုဂေါ်ဇွန်းကျေးရွာ၊ရေဖြူမြို့နယ်	၄၉၇၃
၂	၁၉၇၈-၁၉၈၄	ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်	၁၂၀၀
၃	၁၉၇၈	သံတွဲမြို့နယ်၊ သံတွဲခရိုင်	၈၉
၄	၁၉၈၀	ကော့သောင်းမြို့နယ်၊ကော့သောင်းခရိုင်	၁၀၇၅
၅	၁၉၈၂	အကျဉ်းဦးစီးဌာန၊ကော့သောင်းမြို့နယ်	၆၄၂၃
၆	၁၉၇၉-၁၉၈၄	တနင်္သာရီမြို့နယ်၊ မြိတ်ခရိုင်	၃၀၅၀
၇	၁၉၇၉-၁၉၈၃	လောင်းလုံမြို့နယ်၊ထားဝယ်ခရိုင်	၁၆၀၀
		စုစုပေါင်း	၁၈၄၁၀

သို့ဖြစ်ရာ ၁၉၈၇ ခုနှစ်အထိ တနင်္သာရီတိုင်းဆီအုန်းစိုက်ပျိုးထားရှိမှု အခြေအနေမှာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ဆီအုန်းစိုက်ဧက ၁၁၉၈၇ ဧကနှင့် အကျဉ်းဦးစီးဌာနမှ ၆၄၂၃ ဧက စုစုပေါင်း ဆီအုန်းစိုက်ဧက ၁၈၄၁၀ ရှိခဲ့ပါသည်။

မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍထွက်ကုန်ကိုအခြေခံထားသည့် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ သီးနှံစုံစိုက်ပျိုးရာတွင် ပြည်တွင်းစားသုံးမှုဖူလုံရေး၊ ပြည်တွင်းစက်ရုံများအတွက် စက်မှုကုန်ကြမ်းဖူလုံရေးတို့အပြင် ပြည်ပပို့ကုန် တိုးမြှင့်ရောင်းချနိုင်ရေးစသည့် ဦးတည်ချက်(၃)ရပ်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် အထူးအာရုံစိုက်၍ဆောင်ရွက်လျက်ရှိပါသည်။ အခြေခံစားကုန်များအနက် စားသုံးဆီထုတ်လုပ်မှုမှာ ပြည်တွင်းစားသုံးမှုအတွက် ဖူလုံစွာထုတ်လုပ်နိုင်ခြင်းမရှိသေးပါ။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော လူဦးရေသည် ၂၀၀၀ ပြည့်နှစ်တွင် ၅၀ ဒသမ ၁၂ သန်းရှိရာ ၂၀၁၀ ပြည့်နှစ်တွင် သန်း ၆၀အထိရှိလာမည်ဖြစ်ပါသည်။ ပြည်တွင်းစားသုံးဆီလိုအပ်ချက်မှာ တစ်နှစ်လျှင် လူတစ်ဦးလျှင်ပျမ်းမျှစားသုံးမှု ၄ ဒသမ ၅ ပိဿာနှုန်းရှိသဖြင့် စားသုံးဆီလိုအပ်ချက်မှာ မက်ထရစ်တန်ချိန် ၄ ဒသမ ၅ သိန်းခန့်လိုအပ်မည်ဖြစ်ပါသည်။

ဆီအုန်းပင်များ ပျိုးထောင်ထားမှုကို ဤသို့တွေ့ရသည်။

ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်းစသည့် ဆီထွက်သီးနှံများမှ ဆီထုတ်လုပ်နိုင်မှုမှာ တစ်နှစ်လျှင် တန်ချိန် နှစ်သိန်းခန့်ရှိရာ ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် စားသုံးဆီ လိုအပ်ချက်မှာ နှစ်စဉ်ပြည်ပမှ စားအုန်းဆီတန်ချိန် ၁ ဒသမ ၅ သိန်းမှ နှစ်သိန်းအထိ ဝယ်ယူတင်သွင်းရမည်ဖြစ်ပါသည်။ ထို့ကြောင့် စားသုံးဆီသီးနှံများကို ပိုမိုစိုက်ပျိုး၍ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် နိုင်ငံတော်က စီမံချက်များချမှတ်ကာ ဆောင်ရွက်လျက်ရှိနေပါသည်။

ဆီအုန်းစိုက်ပျိုးရာတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ရင်းနှီးမြှုပ်နှံလာခြင်းဖြင့် နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်စေရန်အတွက် နိုင်ငံတော်က တိုင်းရင်းသားလုပ်ငန်းရှင်များအားအားပေးမှုဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ နိုင်ငံတော်၏ လမ်းညွှန်မှုဖြင့် ၁၉၉၄-၉၅ ခုနှစ်မှ ၁၉၉၈-၉၉ ခုနှစ်အတွင်း တနင်္သာရီတိုင်းတွင် ဆီအုန်းဧက ၅၃၅၀၀ တိုးချဲ့စိုက်ပျိုးရန် အထူးစီမံကိန်းတစ်ရပ်အနေဖြင့် တိုင်းရင်းသား လုပ်ငန်းရှင်အဖွဲ့များမှ ပါဝင်ဆောင်ရွက်လာရေးစီမံဆောင်ရွက်ခဲ့ပါသည်။ ယင်းစီမံကိန်းတွင် ဆီအုန်းတိုးချဲ့ စိုက်ပျိုးဧက ၆၁၆၁ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး ထားဝယ်ဒေသတွင် ဆီအုန်းခြံငယ်၊ ခြံလတ်စိုက်ပျိုးသည့် ဒေသခံခြံရှင်များ များပြားလာခဲ့ပါသည်။

မြန်မာနိုင်ငံ၏ရေမြေရာသီဥတုအရ ဆီအုန်းစိုက်ပျိုးထုတ်လုပ်နိုင်သောဒေသများမှာ တနင်္သာရီတိုင်းတောင်ပိုင်းဒေသများဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်က တနင်္သာရီတိုင်းအတွင်း ဆီအုန်းဧကငါးသိန်းအထိရည်မှန်းချက်ထားပြီးစိုက်ပျိုးရန် လမ်းညွှန်ထားပါသည်။ တနင်္သာရီတိုင်း ဆီအုန်းတိုးချဲ့စိုက်ပျိုးရေးအတွက် နိုင်ငံအကြီးအကဲများဦးဆောင်၍ ဝန်ကြီးများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများသည် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလုပ်ငန်းရှင်အဖွဲ့များလိုက်ပါ၍ ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်မှ ၁၀ ရက်အထိ တနင်္သာရီတိုင်းသို့ ကွင်းဆင်းလေ့လာခဲ့ပြီး တိုင်းရင်းသားလုပ်ငန်းရှင်အဖွဲ့များအား တနင်္သာရီတိုင်း ထားဝယ်ဒေသမှ ကော့သောင်းဒေသအထိ လမ်းဘေးဝဲယာရှိ ဆီအုန်းတိုးချဲ့စိုက်ပျိုးနိုင်မည့် မြေနေရာများကို ပြသပေးခဲ့ပါသည်။

အဆိုပါ ဆီအုန်းတိုးချဲ့ရေးကို ဆောင်ရွက်ခဲ့ကြသော်လည်း ၁၉၉၇ခုနှစ်အထိ ဆီအုန်းတိုးချဲ့စိုက်ပျိုးရန်အတွက်လိုအပ်သော ဆီအုန်းစပ်မျိုးစေ့များကို နိုင်ငံခြားမှ မှာယူတင်သွင်းပြီး ဆောင်ရွက်ခဲ့ရပါသည်။ ၁၉၉၈ခုနှစ်မှစတင်ပြီး တနင်္သာရီတိုင်း ဆီအုန်းစိုက်ပျိုးရေး အထူးစီမံကိန်းအတွက် လိုအပ်သောဆီအုန်းစပ်မျိုးစေ့များကို မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း သုတေသနနှင့်စက်ရုံများဌာနခွဲ လက်အောက်ရှိ နှစ်ရှည်ပင်များ အသုံးချသုတေသနဌာနတွင် စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပြီး ဖြန့်ဖြူးပေးလျက်ရှိပါသည်။ ထို့အပြင် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်သော သုတေသနလုပ်ငန်းများကို ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ဆီအုန်းအသုံးချ သုတေသနဌာနကို တနင်္သာရီတိုင်း ရွှေဒူး၊ မြိတ်မြို့တွင် ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလမှ စတင်၍လည်းကောင်း၊ ဧကနိဆီအုန်းမျိုးစေ့ခြံကို ၂၀၀၅ခုနှစ် အောက်တိုဘာလမှစတင်၍ အင်အားပြည့်တည်ထောင်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရက ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆီအုန်းစိုက်ပျိုး ထုတ်လုပ်ရောင်းဝယ်မှုလုပ်ငန်းကို ပြည်သူများအား လွတ်လပ်စွာလုပ်ကိုင်ခွင့်ပြုထားသကဲ့သို့ အခြားတစ်ဖက်မှလည်း စိုက်ဧကပိုမိုရရှိရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များသာမက ဒေသခံပြည်သူများကိုပါ စည်းရုံးစိုက်ပျိုးစေပြီး ၎င်းတို့လိုအပ်သောမျိုး၊ ပံ့ပိုးပစ္စည်း၊ အရင်းအနှီးနှင့် နည်းပညာရပ်များ အလွယ်တကူရရှိရေး အားပေးကူညီဆောင်ရွက်လျက်ရှိပါသည်။ ဆီအုန်းစိုက်ပျိုးသူများ ပိုမိုအဆင်ပြေစေရန်အတွက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ ဆီအုန်းတိုးချဲ့စိုက်ပျိုးရေးစီမံချက် ဇုန်နယ်မြေအတွင်းရှိ စိုက်ခင်းနှင့် တစ်ဆက်စပ်တည်းဖြစ်သော မြေနေရာများတွင်ရှိသော စက်ရုံများအတွက် စိုက်စရိတ်၊ စက်ရုံစရိတ်ချေးငွေများကို ၃၁-၃-၂၀၀၄ရက်နေ့မှစ၍ ချေးငွေသတ်မှတ်ချက်စည်းကမ်းများနှင့်အညီ ထုတ်ချေးပေးလျက်ရှိပါသည်။ ယခုအခါ တိုင်းရင်းသားလုပ်ငန်းရှင်နှင့် ကုမ္ပဏီ ၁၅ခုတို့အတွက် ချေးငွေကျပ်သိန်းပေါင်း ၄၄၅၂၂ထုတ်ချေးပြီး ဖြစ်ပါသည်။

အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆီအုန်းပင်များကို ဤသို့တွေ့ရသည်။

ဆီအုန်းစိုက်ခင်းများသည် စိုက်ပျိုးပြီး သုံးနှစ်အကြာတွင် ဆီသီးခိုင်များစ၍ အသီးတင်ထွက်ရှိလာမည်ဖြစ်သဖြင့် ဆီကြမ်းထုတ်လုပ်ရန်နှင့် ဆီချောထုတ်လုပ်ရန်တို့အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက တစ်ရက်လျှင် ၁၀တန်ကျ ဆီကြမ်းသန့်စင်ရေးစက်ရုံကို ရန်ကုန်မြို့ သဃ်န်းကျွန်းတွင်လည်းကောင်း၊ တစ်နာရီလျှင် ဆီသီးခိုင် ၁ဒသမ၅တန် ကြိတ်ဝါးနိုင်သော ဆီကြမ်းစက်ရုံကို မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အင်္ဂဘို ဆီအုန်းခြံတို့တွင်လည်းကောင်း တည်ဆောက်ပြီးဖြစ်၍ ဆီကြိတ်ထုတ်လုပ်နိုင်ပြီဖြစ်ပါသည်။ အလားတူ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ယုဇနကုမ္ပဏီကလည်း တစ်နာရီလျှင် တန် ၃၀ ကျ ဆီကြမ်းစက်ရုံတစ်လုံးကို တည်ဆောက်ပြီးစီးပြီဖြစ်၍ ဆီများထုတ်လုပ်နေပြီဖြစ်ပါသည်။

ယခင်က တနင်္သာရီတိုင်း ကော့သောင်းဒေသသို့ ရန်ကုန်မြို့မှ လေကြောင်း၊ ရေကြောင်းခရီးတို့ဖြင့်သာ ကူးသန်းသွားလာခဲ့ရသော်လည်း ယခုအချိန်တွင် တိုက်ရိုက်ကားလမ်းများ တိုးချဲ့ဖောက်လုပ်ပေးထားပြီးဖြစ်၍ ကားလမ်းခရီးဖြင့် လျင်မြန်လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ပါသည်။ ကားလမ်းဘေး ဝဲယာတစ်လျှောက်တွင်လည်း ဆီအုန်းပင်များဖြင့် စိမ်းလန်းစိုပြည်လှပလျက် ရှိနေပါသည်။

ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များ၏ ဆီအုန်းစိုက်ခင်းများ၊ ဆီကြိတ်စက်ရုံများဖြင့် တနင်္သာရီဒေသသည် ဖွံ့ဖြိုးတိုးတက်စည်ကားလျက်ရှိပါသည်။ ယခုအခါ ၎င်းဒေသတွင် ဆီအုန်းစိုက်ပျိုးရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား လျာထားပေးသည့်မြေမှာ ၁၄၃၁၆၁၉ဧကဖြစ်ပြီး ၂၀၀၁ခုနှစ်မှ ၂၀၀၆ခုနှစ် မေလအထိ ၁၆၃၀၄၈ဧက တိုးချဲ့စိုက်ပျိုးပြီးစီးခဲ့ပြီး အထူးအောင်မြင်လျက်ရှိပါသည်။

ဆက်လက်၍ နိုင်ငံတော်၏ စားသုံးဆီဖူလုံရေး အဓိကရည်မှန်းချက်ဖြစ်သော ဆီအုန်းစိုက်ဧကငါးသိန်းပြည့်မီရေးကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းအနေဖြင့် မိခင်မျိုးရိုးပင်စစ်စစ်ဖြစ်သော ဧကနိဒူရာမျိုးနှင့် ကျိုက်ထိုမြို့နယ် ဘုရားလမ်းဆီအုန်းသုတေသနခြံမှ ထုတ်ယူရရှိသော Pesiferaအဖိုဝတ်မှုန်တို့ဖြင့် ပြည်ပနိုင်ငံများနည်းတူ စနစ်တကျမှန်ကန်စွာ ဝတ်မှုန်ကူးမျိုးစပ်၍ တင်နရာစပ်မျိုးများကို အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီ ဖြစ်ပါသည်။ ၎င်းမျိုးစေ့များကို ပြည်တွင်း၌ စိုက်ပျိုးထားခဲ့ရာ ခုနစ်နှစ်သက်တမ်းသို့ ရောက်ရှိလာပြီဖြစ်၍ အောင်မြင်စွာ သီးပွင့်နေပြီဖြစ်ပါသည်။ ASDမျိုး စိုက်ခင်းများနှင့် နှိုင်းယှဉ်လေ့လာခဲ့ရာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက ထုတ်လုပ်သည့် တင်နရာစပ်မျိုးမှာ အပင်ကြီးထွားမှုပိုကောင်းပြီး အမခိုင်ထွက်ရှိမှု ရာခိုင်နှုန်း ၁၂မှ ၁၃ရာခိုင်နှုန်းအထိရှိ၍ ASD မျိုးနှင့်တူနေသည့်အပြင် ခေါင်ညွှန့်ပုပ်ရောဂါကို မြန်မာ့ဆီအုန်းမျိုးမှာ လုံးဝခံနိုင်ရည်ရှိပြီး ASD မျိုးမှာ ၎င်းရောဂါကို ၅မှ ၁၀ရာခိုင်နှုန်းအထိ ကျရောက်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ထုတ်လုပ်သည့် ဆီအုန်းတင်နရာစပ်မျိုး အစိုဖောက်စေ့တစ်စေ့လျှင် ကျပ် ၁၅၀နှုန်းဖြင့် တစ်နှစ်လျှင် မျိုးစေ့ ၃၅မှ ၇၅သိန်းအထိ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ပဲခူးတိုင်းအတွင်းရှိ ရေအားလျှပ်စစ်စီမံကိန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၆

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် မေ ၂၄ရက် နံနက်ပိုင်းက ဒုတိယဝန်ကြီး၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါ၍ အမှတ်(၃)တည်ဆောက်ရေးက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းများအနက် ပဲခူးတိုင်း အုတ်တွင်းမြို့နယ် အုတ်တွင်းမြို့အနောက်ဘက် ၁၅မိုင်ခန့်အကွာ ခပေါင်းချောင်းပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ခပေါင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေသွယ်ဥမင်တပ်ဆင်ထားမှုအခြေအနေ၊ ရေထိန်းတံခါးပြွန် တည်ဆောက်ခြင်းလုပ်ငန်း၊ မြေသားတမံလုပ်ငန်းများကို အသေးစိတ် လှည့်လည်ကြည့်ရှု စစ်ဆေး၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ခပေါင်း ရေအားလျှပ်စစ်စီမံကိန်းသည် ၁၅မဂ္ဂါဝပ်အင်အားရှိ ဓာတ်အားပေးစက် နှစ်လုံးတပ်ဆင်ပြီး စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ်၃၀မှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ထုတ်လုပ်ဖြန့်ဖြူးနိုင်မည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်း ဖြူးမြို့ အနောက်ဘက် ခုနစ်မိုင်အကွာ ဖြူးချောင်းပေါ်တွင် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး မြေသားတမံ တူးဖော်ရှင်းလင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ရေယူဥမင်လိုဏ်(အဝင်) တူးဖော်ပြီးစီးမှုအခြေအနေ၊ ရေထိန်းတံခါးပြွန် တည်ဆောက်ခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၂၀အင်အားရှိ ဓာတ်အားပေးစက် နှစ်လုံးမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၄၀ထွက်ရှိမည်ဖြစ်ပြီး နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၁၂၀သန်း ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည့် စီမံကိန်းဖြစ်ကြောင်းသိရသည်။

ကွန်းချောင်းရေအားလျှပ်စစ်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဖြူးမြို့အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်တွင် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ညနေပိုင်းတွင် ရောက်ရှိပြီး တမံကို မြေသား၊ ကျောက်များ ယန္တရားများနှင့် ဖို့နေမှုအခြေအနေ၊ ချဉ်းကပ်ဥမင်လိုဏ် အမှတ်(၁) တူးဖော်ပြီးစီးမှုအခြေအနေ၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာ၊ ဖိအားမြင့် သံမဏိပိုက်လိုင်းသွယ်တန်းမည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် မဂ္ဂါဝပ် ၂၀ အင်အားရှိ ဓာတ်အားပေးစက် သုံးလုံးတပ်ဆင်ပြီး စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ်၆၀မှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၁၉၀ သန်း ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သာစည်မြို့နယ်လူမှုရေးအသင်းအဖွဲ့ဝင်များ တောင်ပေါ်တိုင်းရင်းသားများနှင့်တွေ့ဆုံ၊ ဆေးဝါးကုသ

ရန်ကုန် မေ ၂၆

သာစည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်နုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများပါဝင်သော အဖွဲ့သည် ဧပြီ ၂၅ရက်တွင် တောင်ပေါ်တိုင်းရင်းသားများနေထိုင်ရာ ဆင်တောင်ကျေးရွာသို့သွား ရောက်ကြပြီး တောင်ပေါ်တိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကြရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက အသင်းအကြောင်းသိကောင်းစရာများနှင့် ကိုယ်ဝန်ဆောင်မိခင်များ လိုက်နာရမည့် ရှောင်ရန်၊ ဆောင်ရန်များကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြည်ကြည်စန်းက အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာကိစ္စများနှင့်ပတ်သက်၍လည်းကောင်း၊ အသိပညာပေး ဆွေးနွေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက ဒေသခံအမျိုးသမီးငယ် များအတွက် သံဓာတ်ပါသောအားဆေးနှင့် အခြားဆေးမျိုးစုံတို့ကို ကျေးရွာဥက္ကဋ္ဌ ဦးအောင်မြင့်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် တိုင်းရင်းဆေးတာဝန်ခံ ဦးဝင်းဇော်နှင့် ယင်းမာပင်တိုက်နယ်ဆရာဝန် ဒေါက်တာလွင်ငွေ့တို့က တိုင်းရင်းသားပြည်သူများအား ရောဂါရှာဖွေ၍ ဆေးဝါးကုသပေးကြပြီး ဆေးဝါးများ ဖြန့်ဝေပေးကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် မြောက်ဘက်မုခ်ဦး မီးဆလိုက်အတွက် အမှတ်၁၀ ရတနာလမ်း (၁၄)ရပ်ကွက်နေ ဦးလှဝင်း-ပါမောက္ခဒေါ်စိန်စိန်မြင့် သားသမီး၊ မြေးတစ်စုက အလှူငွေကျပ်တစ်သိန်းကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် တွဲဖက်အတွင်းရေးမှူး ဦးစိန်ဝင်းတို့ထံ ပေးအပ်စဉ်။ (က-ပ)

၂၀၀၆-၂၀၀၇ ပညာသင်နှစ်
ကျောင်းအပ်နှံရေး သီတင်းပတ်
မေလ ၂၅ရက် မှ ၃၁ရက်အထိ

မြို့နယ်ကျောင်းအပ်နှံရေးနေ့မှစ၍ ကျောင်းသုံးဖတ်စာအုပ်များကို ကျောင်းများတွင် ရောင်းချပေးမည်။

ပညာရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ ရက် မှ ၃၁ ရက် အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

တောင်သမန်သစ္စာ ဆက်လက်အောင်ပွဲခံ ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိင်္ကြာ ပြသဆဲ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် မေ ၂၆

ဒါရိုက်တာ မောင်နန္ဒ၏ နောက်ဆုံးလက်ရာ **တောင်သမန်သစ္စာ** ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်အောင်ပွဲခံလျက်ရှိသည်။

ဒါရိုက်တာ ဒေါနု၏ **ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိင်္ကြာ** ဇာတ်ကားမှာလည်း မြို့လယ် ဝဇီရာ၊ ရွှေဗဟို၊ ရောဝတီနှင့် ဘုရင့်နောင်ရုံများတွင် ဆက်လက်ပြသဆဲဖြစ်သည်။

တောင်သမန်သစ္စာမှ ဒွေးနှင့် နန္ဒာလှိုင်တို့၏ ကြည်နူးမှုတစ်ကွက်။

ရွှေဆောင်ရုံတွင် ဒါရိုက်တာ ပီတာဂျက်ဆွန်၏ King Kong ဇာတ်ကားမှာ ရုပ်ရှင်ချစ်ပရိသတ်များအား ဆက်လက်ဖျော်ဖြေဆဲဖြစ်သည်။

နေပြည်တော်ရုံတွင် Aeon of Lux ဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားမှာ အက်ရှင်ပရိသတ်အကြိုက်တွေ့စေမည့် ဇာတ်ကားဖြစ်သည်။

ဆုထူးပန်ရုံတွင် အိန္ဒိယဇာတ်ကား Mohra ပြသလျက်ရှိသည်။ ယင်းဇာတ်ကားတွင် ဆူနီးရှက်တီး၊ အရေးကူးမား၊ ရာဗီနာကားဒွန်းတို့ ပါဝင်သရုပ်ဆောင်ထားသည်။ လှုပ်ရှားမှုအသားပေး ဇာတ်ကားဖြစ်သည်။

ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်း သိင်္ကြာမှ ရန်အောင်နှင့် ထွန်းအိန္ဒြာဗို။

မြို့မရုံတွင် ဆန်နီဒိုးလ်၊ ဆူနီးရှက်တီး၊အရေးကူးမားတို့ ပါဝင်သရုပ်ဆောင်ထားသော Jaani Dushman ဇာတ်ကား ရုံဝင်လာသည်။

ရွှေဂုန်ရုံအပေါ်ထပ်တွင် Iron Eagle III အက်ရှင်ဇာတ်ကားပြသလျက်ရှိပြီး ရွှေဂုန်ရုံ မြေညီထပ်တွင် အာဂျွန်းနှင့် ရမ်းဗာတို့ ပါဝင်ထားသော Sudanthiram အိန္ဒိယအချစ်နှင့် အက်ရှင်ဇာတ်ကားသစ် ပြသနေသည်။

ကျားတို့၏မာယာ

ဝမ်းဖိုးဖိုက်ရုပ်ရှင်၊ ဗီဒီယိုဖြန့်ချိရေးမှ ကိုကျော်ဌေးစီစဉ်ပြီး ဇာတ်ညွှန်းနှင့်ဒါရိုက်တာ ကိုအောင်မင်းသိမ်းရိုက်ကူးသည့် ကျားတို့၏မာယာ အဆင့်မြင့်မြန်မာဗီဒီယို ရုပ်ရှင်ဇာတ်ကားမှာ ဇွန်လအတွင်း စံပြ၊ နဝဒေး၊ သီတာ၊ ရွှေမန်းရုံများတွင် ရုံဝင်လာမည်ဖြစ်သည်။

ယင်းဇာတ်ကားတွင် ကျော်သူ၊ ရန်အောင်၊ ကျော်ရဲအောင်၊ ရဲအောင်၊ ချစ်စနိုးဦး၊ တက္ကသိုလ်ဂွမ်းပုံ၊ အေးသီတာ၊ အေးအေးခိုင်၊ ကြူကြူသင်း၊ သဇင်သင်း၊ မေသူ၊ ယွန်းဝတီမိုးတို့နှင့်အတူ ဟာသဇာတ်ပို့များစွာ ပါဝင်သရုပ်ဆောင်ထားကြသည်။ ။

(မြန်မာ့အလင်း)

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကျင်းပမည့် ဂျာမနီနိုင်ငံရှိ ဘောလုံးကွင်းများမြင်ကွင်း

စုစည်းတင်ပြသူ–မောင်မောင်မြင့်ဆွေ

ဘာလင် မေ ၂၆

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဂျာမနီနိုင်ငံရှိ ဘောလုံးကွင်း ၁၂ ကွင်းအနက် ခုနစ်ကွင်းကို ဖော်ပြခဲ့ပြီးဖြစ်ရာ ကျန်ဘောလုံးကွင်း ငါးကွင်းအနေအထားကို မြန်မာ့အလင်း ဘောလုံးပရိသတ်အတွက် ဆက်လက်ဖော်ပြပေးလိုက်ပါသည်။

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ် ငါးပွဲ လက်ခံကျင်းပမည့် ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ အိုလံပီယာအားကစားကွင်း။ (ဓာတ်ပုံ–အင်တာနက်)



၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ် ငါးပွဲ လက်ခံကျင်းပမည့် ဂျာမနီနိုင်ငံ စတုဂတ်မြို့ရှိ စတုဂတ်အားကစားကွင်း။ (ဓာတ်ပုံ–အင်တာနက်)

ဖရစ်ဇ်ဝေါလ်တာအားကစားကွင်း

ဂျာမနီနိုင်ငံ အနောက်တောင်ပိုင်း ကိုင်ဆာစလော့တန်မြို့တွင် တည်ရှိပြီး ကမ္ဘာ့ဖလား ဘောလုံးကွင်းများအနက် အလုပဆုံးအားကစားကွင်းဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး လေယာဉ်ကွင်းမှ ကားမောင်းလာလျှင် ၁၅ မိနစ်ခန့်နှင့် ကိုင်ဆာစလော့တန်မြို့ မီးရထားဘူတာမှ လမ်းလျှောက်လာလျှင် ငါးမိနစ်ခန့်နှင့် ရောက်နိုင်သည်။

ဖရစ်ဇ်ဝေါလ်တာအားကစားကွင်းသည် ၁၉၂၆ ခုနှစ်က တည်ဆောက်ထားခဲ့သည့် ကွင်းဖြစ်သော်လည်း ခေတ်မီကိရိယာများ တပ်ဆင်ထားသဖြင့် ယခုတိုင် လုံခြုံရေးအတွက် အာမခံနိုင်သော ကွင်းဖြစ်ဆဲရှိသည်။ ပရိသတ် ၃၉၈၂၀ ဝင်ရောက်ကြည့်ရှုနိုင်ပြီး စားသောက်ဆိုင်တန်းများလည်း တွဲဖက်ပါရှိရာ အားလပ်ချိန်တွင် အေးအေးလူလူ အနားယူ စားသောက်နိုင်သည်။

ကိုင်ဆာစလော့တန်မြို့သည် အက်ဖ်စီကိုင်ဆာစလူတန် ဘောလုံးအသင်း တည်ရှိရာ မြို့ဖြစ်ပြီး နာမည်ကျော် စားသောက်ဆိုင်များ၊ ဟိုတယ်များလည်း တည်ရှိသည်။ ဖရစ်ဇ်ဝေါလ်တာ အားကစားကွင်း၌ ကမ္ဘာ့ဖလား ဘောလုံးပွဲစဉ်များအဖြစ် ဇွန် ၁၂ ရက်တွင် ဩစတြေးလျနှင့် ဂျပန်၊ ဇွန် ၁၇ ရက်တွင် အီတလီနှင့် အမေရိကန်၊ ဇွန် ၂၀ ရက်တွင် ပါရာဂွေးနှင့် ထရီနီဒက်၊ ဇွန် ၂၃ ရက်တွင် ဆော်ဒီအာရေဗျနှင့် စပိန်၊ ဇွန် ၂၆ ရက်တွင် ဒုတိယအဆင့် အုပ်စုပွဲစဉ်အဖြစ် အုပ်စု(င)ပထမနှင့် အုပ်စု(စ) ဒုတိယရရှိသည့် အသင်းတို့ ကစားရမည့်ပွဲများကို လက်ခံကျင်းပသွားမည်ဖြစ်သည်။

အိုလံပီယာ အားကစားကွင်း

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် တည်ရှိပြီး ဘဲဥပုံသဏ္ဍာန် တည်ဆောက်ထားသော အားကစားကွင်းဖြစ်သည်။ လေးဘက် လေးတန်ရှိ ပွဲကြည့်စဉ်များအပေါ်မှ စီးမိုးကြည့်ရှုနိုင်ရန်နှင့် မြင်ကွင်းကို အကောင်းဆုံး ကြည့်ရှုခံစားနိုင်ရန် စီစဉ်တည်ဆောက်ထားခြင်းဖြစ်သည်။

အိုလံပီယာကွင်းကို ၁၉၃၆ ခုနှစ်က တည်ဆောက်ခဲ့ပြီး ပရိသတ် ၆၆၀၂၁ ဦးဝင်ရောက်ကြည့်ရှုနိုင်သည်။ ကားရပ်နားရာဒေသများ ကျယ်ကျယ်ဝန်းဝန်းရှိပြီး အဆင့်အတန်းမြင့်သော ပွဲကြည့်စဉ်များ၊ ပုံစံဒီဇိုင်းဆန်းသစ်သော အားကစားကွင်း အမိုးများကြောင့် ဘောလုံးပွဲပရိသတ်အား စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်သည့် အားကစားကွင်းလည်း ဖြစ်သည်။

အိုလံပီယာကွင်းတွင် ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များအဖြစ် ဇွန် ၁၃ ရက်တွင် ဘရာဇီးနှင့်ခရိုအေးရှား၊ ဇွန် ၁၅ ရက်တွင် ဆွီဒင်နှင့် ပါရာဂွေး၊ ဇွန် ၂၀ ရက်တွင် အီကွေဒေါ နှင့် ဂျာမနီ၊ ဇွန် ၂၃ ရက်တွင် ယူကရိန်းနှင့် တူနီးရှား၊ ဇွန် ၃၀ ရက်တွင် ကွာတားဖိုင်နယ်ပွဲစဉ်(၁)တို့ကို လက်ခံကျင်းပသွားမည်ဖြစ်သည်။

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ် ငါးပွဲ လက်ခံကျင်းပမည့် ဂျာမနီနိုင်ငံ ကိုင်ဆာစလော့တန်မြို့ရှိ ဖရစ်ဇ်ဝေါလ်တာ အားကစားကွင်း။ (ဓာတ်ပုံ–အင်တာနက်)



၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ် ငါးပွဲ လက်ခံကျင်းပမည့် ဂျာမနီနိုင်ငံ ဒေါ့မွန်မြို့ရှိ အီဒူနာပတ်ခ်အားကစားကွင်း။ (ဓာတ်ပုံ–အင်တာနက်)

စီဂနယ်အီဒူနာပတ်ခ်အားကစားကွင်း

ဂျာမနီနိုင်ငံ ဒေါ့မွန်မြို့တွင် တည်ရှိပြီး ၁၉၇၄ ခုနှစ်က တည်ဆောက်ထားသော ဘောလုံးကွင်းဖြစ်သည်။ မိုးလုံလေလုံအားကစားကွင်းဖြစ်ပြီး ဥရောပစတိုင် တည်ဆောက်ထားသည်။ ဘောလုံးကွင်းအတွင်း ကြီးမားသော တီဗွီရုပ်/သံဖမ်းစက်ကြီး တစ်ခုတပ်ဆင်ထားပြီး ဂျာမနီနိုင်ငံ အခြားမြို့များတွင် ကစားနေသော ဘောလုံးပွဲစဉ်များကို ကြည့်ရှုခံစားနိုင်သည်။

စီဂနယ်အီဒူနာပတ်ခ် အားကစားကွင်းသည် ပရိသတ် ၆၀၂၈၅ ဦး ဝင်ရောက်ကြည့်ရှုနိုင်ရာ ဒီဇိုင်းပုံစံမဆန်းသစ်သော်လည်း ပရိသတ်ဆုံသည့် အားကစားကွင်းဖြစ်သည်။ ဆက်သွယ်ရေးအဖြစ်လေကြောင်း၊ မီးရထားဘူတာရုံတို့နှင့် ၁၅ မိနစ်ခရီး အကွာအဝေးတွင်ရှိရာ သွားလာရေးလွယ်ကူသည်။

စီဂနယ်အီဒူနာပတ်ခ် အားကစားကွင်းတွင် ၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပွဲစဉ်များအဖြစ် ဇွန် ၁၀ ရက်တွင် ထရီနီဒတ်နှင့် တိုဘာဂိုအသင်းနှင့် ဆွီဒင်၊ ဇွန် ၁၄ ရက်တွင် ဂျာမနီနှင့်ပိုလန်၊ ဇွန် ၁၉ ရက်တွင် တိုဂိုနှင့် ဆွစ်ဇာလန်၊ ဇွန် ၂၂ ရက်တွင် ဂျပန်နှင့်ဘရာဇီး၊ ဇွန် ၂၇ ရက်တွင် ဒုတိယအဆင့် အုပ်စုပွဲစဉ်အဖြစ် အုပ်စု(ခ)မှ ပထမရသည့်အသင်းနှင့် အုပ်စု(စ)မှ ဒုတိယရသည့်အသင်းကို ယှဉ်ပြိုင်သည့်ပွဲစဉ်နှင့် ဇူလိုင် ၄ ရက်တွင် အကြိုဗိုလ်လုပွဲစဉ် အမှတ်(၁) တို့ကို လက်ခံကျင်းပသွားမည်ဖြစ်သည်။

စတုဂတ်အားကစားကွင်း

ဂျာမနီနိုင်ငံ စတုဂတ်မြို့တွင် တည်ရှိပြီး ဘဲဥပုံသဏ္ဍာန်ဒီဇိုင်း တည်ဆောက်ထားသည့် ဘောလုံးကွင်းဖြစ်သည်။ ဂျာမနီနိုင်ငံ အနောက်တောင်ပိုင်းတွင်တည်ရှိပြီး လူနေထိုင်မှုအဆင့်အတန်း မြင့်မားသည့်မြို့ဖြစ်သည်။

ဂျာမနီနိုင်ငံ၏ ဗွီအက်ဖ်ဘီ စတုဂတ်ဘောလုံးအသင်း တည်ရှိရာမြို့ဖြစ်သည်။ စတုဂတ်ဘောလုံးကွင်းကို ၁၉၃၃ ခုနှစ်က တည်ဆောက်ခဲ့ပြီး ယခုအခါ အဆင့်မြင့် မွမ်းမံပြင်ဆင်မှုများ ပြုလုပ်ထားသည့် ကစားကွင်းလည်းဖြစ်သည်။ ပရိသတ် ၄၇၇၅၇ ဦး ဝင်ရောက်ကြည့်ရှုနိုင်ပြီး လုံခြုံရေး အထူးဆောင်ရွက်ထားသည့် ကွင်းလည်းဖြစ်သည်။

စတုဂတ်ဘောလုံးကွင်း၌ ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်အဖြစ် ဇွန် ၃ ရက်တွင် ပြင်သစ်နှင့် ဆွစ်ဇာလန်၊ ဇွန် ၁၆ ရက်တွင် ဟော်လန်နှင့် အိုင်ဗရီကို့စ်၊ ဇွန် ၁၉ ရက်တွင် စပိန်နှင့် တူနီးရှား၊ ဇွန် ၂၂ ရက်တွင် ခရိုအေးရှားနှင့် ဩစတြေးလျ၊ ဇွန် ၂၅ ရက်တွင် ဒုတိယအဆင့်အုပ်စုပွဲစဉ်အဖြစ် အုပ်စု(ခ) ပထမနှင့် အုပ်စု(က) ဒုတိယအသင်းတို့ ပွဲစဉ်များလက်ခံကျင်းပသွားမည်ဖြစ်သည်။

အေအိုအယ်အရီနာအားကစားကွင်း

ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့တွင် တည်ရှိပြီး ယခုကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ၂၀၀၀ပြည့်နှစ်မှ တည်ဆောက်ထားခြင်းဖြစ်သည်။ ဟမ်းဘတ် အက်စ်ဗွီ ဘောလုံးကလပ်အသင်း တည်ရှိရာမြို့ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် မြို့လည်းဖြစ်သည်။

အေအိုအယ်အရီနာ အားကစားကွင်းသည် ပရိသတ် ၅၅၄၂ ဦး ဝင်ရောက် ကြည့်ရှုနိုင်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ စံနှုန်းနှင့် ကိုက်ညီအောင် တည်ဆောက်ထားသော ကွင်းဖြစ်သည်။

အေအိုအယ်အရီနာ အားကစားကွင်း၌ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များအဖြစ် ဇွန် ၁၀ ရက်တွင် အာဂျင်တီးနားနှင့် အိုင်ဗရီကို့စ်၊ ဇွန် ၁၅ ရက်တွင် အီကွေဒေါနှင့် ကော်စတာရီကာ၊ ဇွန် ၁၉ ရက်တွင် ဆော်ဒီအာရေဗျနှင့် ယူကရိန်း၊ ဇွန် ၂၂ ရက်တွင် ချက်အသင်းနှင့် အီတလီ၊ ဇွန် ၃၀ ရက်တွင် ကွာတားဖိုင်နယ်ပွဲစဉ်(၂)ကို လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ် ငါးပွဲ လက်ခံကျင်းပမည့် ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့ရှိ အရီနာ အားကစားကွင်း။ (ဓာတ်ပုံ–အင်တာနက်)

- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမြော် ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေးသူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည့် —

စိုးမြကျော် ၏
အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန် ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀)၊ ရောင်းဈေး ၂၀၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၀၄၄၈၊ ၂၉၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။ ဖုန်း - ၂၉၄၃၀၆

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ဗီယက်နမ်သို့ထွက်ခွာ

သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံ-မြန်မာ့အလင်း

ရန်ကုန် မေ ၂၆

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ မေ ၂၉ ရက်မှ ဇွန် ၂ ရက်အထိကျင်းပမည့် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ (AEF Women's Championship 2006) ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် အဖွဲ့ဝင် ၂၅ ဦး ပါဝင်သော မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားသည်။

လိုက်ပါဆောင်ရွက်

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင်အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာပင်ဒိုရာအောင်ကြီး (အား/ကာ)၊ အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး (ရွှေရှမ်းကန်)၊ အတွင်းရေးမှူးအဖြစ် ဒေါ်မိမိမော် (အား/ကာ)၊ သူနာပြုအဖြစ် ဒေါ်မြင့်မြင့်စိန်(အား/ကာ)၊ နည်းပြချုပ်အဖြစ် ဦးအေးကြူကြီး(ကာကွယ်ရေး)၊လက်ထောက်နည်းပြအဖြစ် ဦးတင်မျိုးအောင်(ပြည်ထဲရေး)၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်(မြို့တော်စည်ပင်) တို့က လိုက်ပါဆောင်ရွက်ကြမည်ဖြစ်သည်။

သူတို့ပါဝင်

အားကစားသမားများအဖြစ်**(ဂိုး)**–မေခင်ယမင်း(ပြည်ထဲရေး)၊ အေးအေးသန်း(အား/ကာသိပ္ပံ၊ရန်ကုန်)၊**(နောက်တန်း)**–စန်းစန်းသိန်း (လယ်ယာ/ဆည်မြောင်း)၊ စန်းစန်းမော်၊ သီတာဦး (ပြည်ထဲရေး)၊ မိုးမိုးဝါ၊ မိုးမိုးထွေး၊ နေဇာလင်းလင်းအောင် (ပို့ဆောင်ရေး)၊ **(အလယ်တန်း)**–သူဇာထွေး (လယ်ယာ/ဆည်မြောင်း)၊ သန်းသန်းထွေး၊ အေးနန္ဒာလှိုင် (ပို့ဆောင်ရေး)၊ နန်းကြေးငုံ (အား/ကာသိပ္ပံ၊ရန်ကုန်)၊ ခင်မာလာထွန်း၊ စုစုဝေ(အား/ကာသိပ္ပံ၊ မန္တလေး)၊ **(ရှေ့တန်း)** မိုင်နီလာထွေး(နယ်စပ်စည်ပင်)၊ ဇင်မာဝမ်း၊ စန်းယုနိုင်(ပို့ဆောင်ရေး)၊ နှင်းဆီမြင့် (လယ်ယာ/ဆည်မြောင်း)တို့ ပါဝင်ကြသည်။

ယှဉ်ပြိုင်ရမည်

အုပ်စုပွဲစဉ်များ ရေးဆွဲထားပြီးဖြစ်ရာ မေ ၂၉ ရက်တွင် ဒုတိယပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် မြန်မာအသင်း၊ မေ ၃၁ ရက်တွင် ပထမပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်း၊ ဇွန် ၂ ရက်တွင် ဒုတိယပွဲစဉ်အဖြစ် ဗီယက်နမ်အသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကို အားကစားသမား ၂၅ ဦးဖြင့် ရွေးချယ်ဖွဲ့စည်းပြီး ဧပြီ ၄ ရက်မှစတင်၍ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကို အပြီးသတ်ဆန်ခါတင် ၁၈ ဦး ရွေးချယ်ပြီးနောက် အသင်းလိုက် ညီညွတ်မှု ရရှိစေရန်အတွက် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။ အသက် ၁၄ နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားရာ ပထမပွဲတွင် သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဒုတိယပွဲတွင် လေးဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင် ဟောင်းကြီးများနှင့် ခြေစမ်းရာတွင် ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။

ခြေစစ်ပွဲအောင်

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ဩစတြေးလျ နိုင်ငံ၌ ဇူလိုင် ၁၆ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် အာရှဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲ အောင်မြင်ထားသည်။

အုပ်စုပွဲစဉ်

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင် ၁၆ ရက်တွင် ထိုင်းအသင်းနှင့်လည်းကောင်း၊ ဇူလိုင် ၁၈ ရက်တွင် ဩစတြေးလျအသင်းနှင့်လည်းကောင်း၊ ဇူလိုင် ၂၂ ရက်တွင် တောင်ကိုရီးယားအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အနိုင်ရဗိုလ်စွဲ

၂၀၀၄ ခုနှစ်ပထမအကြိမ်အာဆီယံ အမျိုးသမီးပြိုင်ပွဲတွင် အရှေ့တောင်အာရှမှ အမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ နောက်ဆုံးဗိုလ်လုပွဲတွင် မြန်မာအသင်းက ဗီယက်နမ်အသင်းကို ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။

အကောင်းဆုံးပြင်ဆင်

ယခုပြိုင်ပွဲ၌ အိမ်ရှင်ဗီယက်နမ်အသင်းသည် မြန်မာအသင်းကို ရှုံးကြွေးဆပ်ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ရေးအတွက် အကောင်းဆုံး ပြင်ဆင်ထားမည်ဖြစ်သည်။

၂၀၀၅ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ၌ ဗီယက်နမ်အသင်းက မြန်မာအသင်းကို အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအနေဖြင့် အရှေ့တောင်အာရှပြိုင်ပွဲမှ ရှုံးကြွေးကို ပြန်ဆပ်ပြီး ချန်ပီယံဆုဖလားကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား လေ့ကျင့်ရေးကွင်း၌ ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ရန်ကုန်မြို့ FMI City ရွှေနှင်းဆီ ၁ လမ်းနေ ဦးဟန်ရှိန်–ဒေါ်အုန်းနု မိသားစုနှင့် Mr. Gleen–မမင်းမင်းရှိန်တို့က မြောက်ဥက္ကလာပမြို့နယ် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာရိပ်သာ၌ ကျောင်းဆောက်လုပ်ရန် ဒုတိယအရစ် အလှူငွေကျပ်သိန်း ၂၀၀ ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်က လက်ခံယူစဉ်။ (က–ပ)

အရှင်အာစာရလင်္ကာရ
မိဘကျေးဇူးအကျေဆပ်နည်း
TAPE & VCD

ရွှေဘုန်းပွင့်စေတီလမ်း ကျောက်ခင်းရန်ငွေလှူဒါန်း

ရန်ကုန် မေ ၂၆

လှည်းကူးမြို့မှ ကံ့ကော်ကျွန်းတောရရိပ်သာကျောင်းတိုက် မဟာသတ္တဌာန ဘုရားများနှင့် ရှေးဟောင်း သမိုင်းဝင် ရွှေဘုန်းပွင့်စေတီကုန်းမြေအရောက် မြေသားလမ်းကို မေ ၂၅ရက်က စုပေါင်းပြုပြင်ကြရာ ဆရာတော်ကြီးများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

ကျောက်လမ်းခင်းရန်အတွက် ဦးရင်ကီး-ဒေါ်သန်းကြည် လှည်းကူးမြို့က ငွေကျပ်၅၀၀၀၀ ကို ပဓာနနာယက ဆရာတော်ထံ လာရောက်လှူဒါန်းကြပြီး ဖုန်း-၀၉-၅၀၀-၁၀၈၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ထိမ်းမြားမင်္ဂလာ ညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အမှတ်(၂၅)၊ အခန်း(၉၀၃)၊ Yuzana Business Tower မဲ့ဇ္ဇစေတီလမ်း၊ စမ်းချောင်းမြို့နယ်နေ

ဦးထွန်းဝင်း(Total E &P-Myanmar)-ဒေါ်နန္ဒာထွန်းဝင်း(Unocal-Myanmar)တို့၏သား

မောင်ဇာဖြူထွန်းဝင်း (2nd Year, Psychology)

နှင့်

ရန်ကုန်မြို့၊ တိုက်အမှတ်(၂၁)၊ အခန်း(A-6)၊ အောင်ဇေယျလမ်းမကြီး၊ ရန်ကင်းမြို့နယ်နေ ဦးဇော်မိုး(စက်မှု-၁၊ ပြင်/ထိန်း)-ဒေါ်ခင်အုန်းမြင့် တို့၏တစ်ဦးတည်းသောသမီး

မဝေလွင်ဇော်(ခ)ရွှေထိုက်

A.G.T.I (Civil). (2nd Year, English)

တို့၏ ၂၅-၅-၂၀၀၆ရက်(ကြာသပတေးနေ့)တွင် Sedona Hotel မင်္ဂလာခန်းမ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးသော ဘဘနှင့်ကြီးကြီး၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ဇနီး ဒေါ်ခင်မာအေး၊ ဗိုလ်မှူးချုပ်ဇင်ယော်နှင့်ဇနီး Dr.ဒေါ်ခင်သီရိ၊ မင်္ဂလာလက်ဖွဲ့ပေးပို့သော စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့်ဇနီး ဒေါ်စိုးဝတ်ရည်၊ ကြွရောက်ချီးမြှင့်ပေးသော စစ်ဘက်နယ်ဘက်နှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်၎င်းတို့၏ဇနီးများ၊ မင်္ဂလာလက်ထပ်လက်စွပ် လက်ဖွဲ့ပေးသော မစန္ဒာဝင်း(Unocal-Myanmar)၊ မေတ္တာဖြင့် မင်္ဂလာပန်းအလှပြင်ပေးသော ကိုထွန်းထွန်း (Eden)၊ ဒေါ်တင်တင်နုရီနှင့်သမီး မကလျာဦး(Unocal-Myanmar)၊ သတို့သားဝတ်စုံ ဖန်တီးပေးသော Image-Central Plaza (Bangkok)၊ သတို့သမီးဝတ်စုံ ဖန်တီးပေးသော မမဍ္ဍူ (Zu Zu Collection)၊ မိတ်ကပ်နှင့် ဆံပင်အလှပြင်ဆင်ပေးသော အောင်အောင်(တောင်ကြီး)၊ မေတ္တာဖြင့် သတို့သမီးအား လက်ဝတ်ရတနာဆင်မြန်းပေးသော စုမြင့်မြတ် ရတနာရောင်းဝယ်ရေး၊ မေတ္တာဖြင့် ဓာတ်ပုံရိုက်ကူးပေးသော ကိုအောင်ကျော်မိုး၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးသော ဦးပီတာ၊ ဗီဒီယိုရိုက်ကူးပေးသော ဝဏ္ဏခွာနီး၊ မေတ္တာဖြင့်ကူညီပေးသော ကိုစန်းချို-မငြိမ်းငြိမ်းအိ Aces တေးဂီတအဖွဲ့၊ မေတ္တာဖြင့် မင်္ဂလာတေးသံသာများ တီးခတ်သီဆိုဖျော်ဖြေပေးသော အနုပညာအသိုင်းအဝိုင်းမှ ဆရာသမားများနှင့် ညီအစ်ကိုမောင်နှမများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော တေးသံရှင် နွဲ့ယဉ်ဝင်း၊ မေတ္တာဖြင့် Photo-Venyl Decoration စီစဉ်ပေးသော ကိုသက်(Real life)၊ ကြွရောက်ချီးမြှင့်သော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသော Sedona Hotel မှ မစတယ်လာနှင့် ဝန်ထမ်းများ၊ မင်္ဂလာညှော်ခံပွဲပြီးမြောက် အောင်မြင်သည်အထိ အစစအရာရာ တာဝန်ယူဆောင်ရွက်ပေးသော NSK Weeding Planner°၊ မင်္ဂလာညှော်ခံပွဲသို့ မကြွရောက်နိုင်သော်လည်း ရပ်နီးရပ်ဝေးမှ မင်္ဂလာလက်ဆောင်ပေးပို့သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇာဖြူထွန်းဝင်း-မရွှေထိုက်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၂၅၇၈၇၊ Honda ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေဝေမြင့် ၉/မနမ(နိုင်)၀၉၀၅၅၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့။**

WEEKEND SOCCER & GOLF Sports Journal
အပတ်စဉ် ဂျာနယ်
မကြာမီ...ထွက်မည်။

ရောင်းမည်
526449, 534618
0980 34964, 09500 8776

ဝန်ထမ်းများအလိုရှိသည်

(ပြည်တွင်း၌သာ ခန့်ထားရန်)

စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်၊ မောင်းကုန်းသကြားစက်ရုံရှိ အောက်ဖော်ပြပါလုပ်ငန်းစဉ်များတွင်ခန့်ထားရန် ဝန်ထမ်းများ အဆင့်မျိုးစုံအလိုရှိသည်။

၁။ ကြိတ်စင်	၂။ ဘွိုင်လာ
၃။ တာဘိုင်	၄။ သံရည်ကျို
၅။ ထုံး/ကန့်ရော	၆။ လေယာစစ်
၇။ ဓာတ်ခွဲခန်း	၈။ Instrument ပြင်
၉။ လျှပ်စစ်ဓာတ်အား ထိန်း/ပြင်	

လျှောက်ထားလိုသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်။

(၁) အသက်ကန့်သတ်ချက်မရှိပါ။
(၂) ကျန်းမာရေးကောင်းမွန်ရမည်။
(၃) လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ လစာပေးမည်။
(၄) လုပ်ငန်းအတွေ့အကြုံရှိခဲ့ပါက ထောက်ခံစာ အပြည့်အစုံပါရှိရမည်။

လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်၊ ရဲစခန်း ထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ အောက်ပါလိပ်စာသို့ လျှောက်ထားရမည်။ ၁၁-၆-၂၀၀၆ရက်တွင် အောက်ပါလိပ်စာ၌ လူတွေ့စစ်ဆေးမည်။

မောင်းကုန်းသကြားစက် ရုံးခန်း၊ ၇၇ x ၃၂လမ်းထောင့်၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၈၉၆၅၂။

တာလီစိန်ရွှေရတနာဆိုင်မှ သင်တန်းဖွင့်လှစ်မည်
2-6-2006

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပ/၆၁၃၄ နီဆန်းဆန်နီ B 122၊ ပစ်ကပ်(4 x 2)ယာဉ်လက်ဝယ်ရှိသူ ဦးကွယ် ၉/အမရ(နိုင်)၀၁၈၇၁၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့။

သားအဖြစ်မှစွန့်လွှတ်ခြင်း

အဖ ဦးခင်မောင်လှ ၁၂/ဒဂတ(နိုင်)၀၀၈၆၇၉၏သား မောင်ခင်မောင်မြင့်သည် မိဘ၏ပြောဆိုဆုံးမမှုကို နာခံမှုမရှိဘဲ ၂၅-၅-၂၀၀၆ရက်တွင် မိမိ၏သဘောဆန္ဒဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ် စွန့်လွှတ်လိုက်သည်။ ၎င်းကိစ္စအဝဝနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

ဦးခင်မောင်လှ။

ဦးစိုးမြင့် ၁၂/သဃက(နိုင်)၁၃၉၆၉၉ သိရှိစေရန်

သင်္ဃန်းကျွန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဘောဂလမ်း၊ ခြံအမှတ် ၅၄ရှိ လက်လီလက်ကား မီးသွေးအရောင်းဆိုင်နှင့် ပတ်သက်သော စာရင်းများရှင်းလင်းခြင်း၊ ငွေကြေးကိစ္စရပ်များရှင်းလင်းခြင်းကို ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ဖြေရှင်းဆောင်ရွက်ပါ၊ လာရောက်ဖြေရှင်းဆောင်ရွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဦးစန်းလွင်
၁၂/သကတ(နိုင်)၁၃၂၆၈၈
အမှတ် ၂၂၊ ၁၈လမ်း၊
ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်။

R.ဇာနည်
TAPE CD VCD DVD 1.6.06 ထွက်ပြီ
DVD 1800/-VCD 1600/-
DVD+VCD (3200/-) Grade A-1600/-Grade B-1000/-

စိန်ဘယက်
REGD
YR

ကန်ရေကို အကျိုးရှိစွာ အသုံးပြု နွေစပါး အောင်ရေရရှိရေး ဆောင်ရွက်

နွားထိုးကြီး မေ ၈

မြင်းခြံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်နှင့်အဖွဲ့သည် မေ ၃ ရက် နံနက် ၁၁ နာရီက ကန်နားကျေးရွာရှိ ကန်နားဆည်ကန်သို့ ကွင်းဆင်း၍ ရေဝင်ရောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဝေနှင့်အဖွဲ့ဝင်များ၊ ကျေးရွာလူမှုရေးအသင်းအဖွဲ့များ၊ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ကန်ရေကို အကျိုးရှိစွာ အသုံးပြုရေး၊ နွေစပါးအောင်ရေရရှိရေး ကန်ပတ်ဝန်းကျင် မြေကွက်လပ်များတွင် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရေးတို့မှာကြားရာ ကျေးရွာဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေ၊ နွေစပါးစိုက်ဧက ၇၀ ရေပေးဝေနိုင်မှုနှင့် မိုးစပါးဧက ၁၀၀ စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားမှုတို့ကို ရှင်းလင်းတင်ပြကြသည်။ (၂၁၃)

ရှေးဦးသူနာပြုစခန်းချ သင်တန်းဆင်း

မိုးကောင်း မေ ၅

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သည့် ရှေးဦးသူနာပြုစုခြင်း (သာမန်အဆင့်) စခန်းချ သင်တန်း အမှတ်စဉ်(၁/၂၀၀၆)ဆင်းပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီက နမ္မနကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ ကျင်းပရာ မြို့နယ်ကြက်ခြေနီ တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဇော်ဝင်းနှင့် မြို့နယ် ကြက်ခြေနီအသင်း ဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာ စိန်လင်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်အောင်၊ ကျေးရွာအုပ်စု ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးစောလှနှင့် တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (၄၁၆)

ညောင်ရွှေ၌ ယဉ်ကျေးမှုနှင့် အဘိဓမ္မာသင်တန်းပို့ချ

ညောင်ရွှေ ဧပြီ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် သြဝါဒါစရိယ ဆရာတော်များ ဦးဆောင်ကြီးကြပ်မှု၊ မြို့နယ်အေးချမ်း သာ ယာ ရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ပံ့ပိုးမှုဖြင့် (၂၂)ကြိမ်မြောက် ယဉ်ကျေးမှုနှင့် အဘိဓမ္မာ သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ဧပြီ၂ရက်က ညောင်ရွှေမြို့ ရွှေရတု ဆွမ်းစားကျောင်းတွင် ကျင်းပသည်။

ယင်း သင်တန်းတွင် ကန်ကြီး၊ ရွှေဂူနှင့် လှိုင်ကြူစာသင်တိုက်မှဆရာတော်ကြီးများ ကိုယ်တိုင် သင်တန်းသားသင်တန်းသူများကို ယဉ်ကျေးမှုနှင့်အဘိဓမ္မာဘာသာရပ်များကို သင်ကြားပို့ချပေးကြသည်။

ထို့အပြင် ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ စံကားကျေးရွာ၊ အင်းလျား ကျေးရွာနှင့် ကြေးစားကုန်း ကျေးရွာများ အပါအဝင် ဌာနခွဲများကို တိုးချဲ့ဖွင့်လှစ်ပြီး သင်တန်းပို့ချလျက်ရှိကြောင်း သိရသည်။ (၀၂၇)

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စိုက်ကွင်း-နတ်ကြီးစဉ်လမ်း အရှည်ပေ ၉၇၇၀၊ အကျယ်၁၂ပေ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဧပြီ ၁၅ရက်က အမှုဆောင်အရာရှိ ဦးအောင်ဇံနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်မန်းဒေတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

အသက်အာမခံလျော်ကြေး ပေးအပ်ပွဲ ကျင်းပ

ရေကြည် မေ ၂၃

ဧရာဝတီတိုင်း မြန်မာ့အာမခံလုပ်ငန်းမှ မြွေအန္တရာယ် အသက်အာမခံလျော်ကြေးငွေပေးအပ်ပွဲကို မေ ၁၈ရက် က ရေကြည်မြို့ မြန်မာ့အာမခံရုံးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းဦးက အမှာစကားပြောကြားပြီး ဧရာဝတီတိုင်း မြန်မာ့အာမခံလုပ်ငန်းရုံးခွဲတာဝန်ခံ ဒေါ်ချိုချိုဝင်းက လျော်ကြေးငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

ထို့နောက် တိုင်းမြန်မာ့အာမခံလုပ်ငန်းရုံးခွဲတာဝန်ခံက လျော်ကြေးငွေငါးသိန်းကို ရေကြည်မြို့နယ် မကျီးလဟာကျေးရွာမှ သေဆုံးသူဒေါ်ပြုံး၏ဖခင် ဦးတင်ရွှေသို့ ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် နယုန်လဆန်း(၂)ရက်
၂၈-၅-၂၀၀၆
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၁၀:၀၀ သိပ္ပံအကြောင်း သိကောင်းစရာ (သိပ္ပံနှင့် နည်းပညာတိုးတက်မှုအကြောင်း-သိပ္ပံမှူးတင်)
၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)
၁၁:၃၀ မေတို့တွက်တာ လှကမ္ဘာ (ပွဲတက်ရုံးတက် အပြင်ထွက်ဖို့ အိတ်ကမ္ဘာလေးဆီသွားကြစို့)
၁၁:၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဘဝချင်းဆုံတွေ့ပါရစေ
(၂) ကြာကြာခွဲလို့မနေနဲ့ကွယ်
(၃) ဆယ်မိုးဆယ်နွေ မျှော်လေလေဝေး
၁၂:၀၀ ကလေးများအတွက် ပုံပြင် (လှယဉ်ကျေးမယ်ရွေးပွဲ)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ညွှန်းစေသည့်ဒဏ်)
၁၃:၂၀ ယဉ်ကျေးမှုအနုပညာ (ယဉ်ကျေးမှုစုံထောက်များ- မနုဿကျော်ဝင်း)

ညနေပိုင်း

၁၆:၁၀ မေးကြည့် ဖြေကြည့် အေအိုင်ဒီအက်(စ်)ပဟေဠိ
၁၇:၀၀ သူ့လက်သံ (ဒုံမင်းဆန်းတင့်၏ ဒုံမင်းလက်သံ)
၁၇:၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (ညောင်ရမ်းခေတ် အိုင်ချင်း-ဒေါ်ခင်မြင့်-မဟာဝိဇ္ဇာ)
၁၇:၃၅ တေးသံရှင်အကြိုက် (ကြည်ကြည်ခိုင်စိုး)
၁၈:၄၅ အာယုနှင့် သာခုဆွေးနွေးခန်း
၂၀:၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ "English Lesson Working "Knowledge"
၂၀:၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ပန်းညမွှေး
(၂) ချစ်အရိပ်
(၃) လွမ်းအိပ်မက်ကသံသရာရှည်

မကွေးတိုင်း ငဖဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းအတွင်းရှိ ပျိုးဥယျာဉ်တွင် ဧပြီ ၂၇ရက်က ဝန်ထမ်းများ ခြံစည်းရိုးကြက်ဆူပင် ထပ်မံပျိုးထောင်ခြင်းကို အမှုဆောင်အရာရှိဦးမြင့်လှိုင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

တမူးခရိုင် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှူး အမှုဆောင်များ စီမံခန့်ခွဲမှု မွမ်းမံသင်တန်းဖွင့်

တမူး မေ ၁၅

တမူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အမှုဆောင်များ စီမံခန့်ခွဲမှုမွမ်းမံသင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲ အခမ်းအနားကို မေ၉ရက် နံနက်၉နာရီက တမူးမြို့အခြေခံပညာအထက်တန်းကျောင်း ကဘော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးဝင်းနိုင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းသူ၊သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်က အမှာစကားပြောကြားပြီး အလှူငွေ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကုန်သည်ကြီးများအသင်း၊ သစ်စက်လုပ်ငန်းရှင်များ၊ ပရိဘောဂလုပ်ငန်းရှင်များ၊ အောင်ကောင်း ငွေစုငွေချေးသမဝါယမအသင်း လီမိတက်နှင့် ပြည်ခိုင်ဖြိုးယာဉ်ငယ်အသင်းတို့က အလှူငွေ စုစုပေါင်း ရှစ်သိန်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော် ပရိဝုဏ်အတွင်း တည်ဆောက် ပြုပြင်မှုလုပ်ငန်းအတွက် မေ ၆ ရက်က ရန်ကုန်မြို့ စမ်းချောင်း မြို့နယ် မကြီးကြီးလမ်း အမှတ်(၆၅)နေ ဦးသော်သော်မြင့်မိုရ် ကိုယ်စား မောင်၊ ညီအစ်မများက ငွေကျပ် ၆၅၀၀၀၀ ပေးအပ် လှူဒါန်းရာ ဂေါပကအဖွဲ့ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။

(၁၆၈)

ငှက်ဖျားရောဂါနှိမ်နင်းရေး ပညာပေးရှင်းလင်း

ဖလမ်း မေ ၂၃

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ်အတွင်း ငှက်ဖျားရောဂါနှိမ်နင်းရေးလုပ်ငန်းနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းပွဲအခမ်းအနားကို မေ၂၀ရက်က ဖလမ်းခရိုင် ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ဖလမ်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာဦးဝင်းအောင်က ဖလမ်းမြို့နယ်အတွင်း ငှက်ဖျားရောဂါအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ချင်း ပြည်နယ်နှင့် မကွေးတိုင်းငှက်ဖျားဆရာဝန် ဒေါက်တာ ဦးဌေးမြင့်အောင်က ဖလမ်းမြို့နယ်အတွင်း ဆောင်ရွက်ရမည့် ငှက်ဖျားရောဂါနှိမ်နင်းရေး လုပ်ငန်းနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လက်ပံတန်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ကျေး လက် သောက် သုံး ရေ ရရှိရေး အတွက် ဂရုံစုပြ ကျေးရွာတွင် ဧပြီ ၂၀ရက်က နှစ်လက်မ စက်ရေ တွင်း တူးဖော်နေမှုကို အမှုဆောင် အရာရှိ ဦးနေမန်း နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့ကွင်းဆင်း ကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ထူးချွန်မီးသတ်တပ်ဖွဲ့ဝင်များ ဂုဏ်ပြု စာကြည့်တိုက်သို့စာစောင်မျိုးစုံနှင့်ဗီရိုလှူဒါန်း

နတ်တလင်း မေ ၁၂

သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ရွာမရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော နှစ်(၆၀)ပြည့်မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားနှင့် မီးလောင်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူ ထူးချွန်အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၅ ရက် ည ၇ နာရီက ရွာမရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ မြက်ခင်းပြင်တွင် ကျင်းပသည်။

ရှေးဦးစွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက ဂုဏ်ပြုပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကိုကိုညွန့်က မီးလောင်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြု လက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ ရွာမရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးစာကြည့်တိုက်သို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က စာအုပ်စာစောင်မျိုးစုံကို ပေးအပ်လှူဒါန်းပြီး ဦးကျော်ကျော်-ဒေါ်ငွေငွေဝင်းမိသားစုတို့က ဗီရိုတစ်လုံးလှူဒါန်းသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မေ ၆ ရက်က အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ်ဝယ်ယူရန်အတွက် အမှတ်(၉၆၉)ဇီဇဝါလမ်း (၄၅) ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)နေ ဦး လေး နိုင်-ဒေါ်သန်း သန်း အေး မိ သား စု တို့ က နှစ်ဖက်မိဘများအား ရည်စူး၍ ဒေါ်သန်းသန်းအေး မွေးနေ့မင်္ဂလာအလှူတော်ငွေ ကျပ်တစ်သိန်းကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတွင် အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ရှေ့မှောက်၌ တာဝန်ခံ ဒေါ်ခင်မာအေးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စေတုတ္တရာမြို့ လုံးပေါ ကျေးရွာတွင် ဆောင်ရွက်ပြီးစီးသော တစ်လက်မခွဲ လက်နှိပ်တုံကင်ရေတွင်းကို မေ ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဇော်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)မြို့ပြ ဦးမောင်မောင်တာတို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

လေပြင်းတိုက်၍ ပျက်စီးသွားသောနေအိမ်များအတွက် သထုံခရိုင်မြန်မာ့အာမခံလုပ်ငန်းမှ လျော်ကြေးငွေထုတ်ပေး

သထုံ မေ ၂၂

သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သော်ဇင်သည် မေ ၁၃ ရက် နံနက် ၉ နာရီခွဲက သထုံမြို့နယ် ဒေးဗရိန်းကျေးရွာ၌ လေပြင်းတိုက်၍ ဒေါ်စောမြ၏ နေအိမ်ပျက်စီးသွားမှုအတွက် သထုံခရိုင် မြန်မာ့အာမခံလုပ်ငန်းမှ ထုတ်ပေး သောလျော်ကြေးငွေ ၁၅၉၉၁၀ ကျပ် ၅ ပြား ဘဏ်လွှဲလက်မှတ်ကို လွှဲပြောင်း ပေးအပ်သည်။ **(အောက်ပုံ)**

အာမခံထား

အဆိုပါ သထုံမြို့နယ် ဒေးဗရိန်းကျေးရွာ မင်းလမ်းမနေ ဒေါ်စောမြ၏ နေအိမ်ကို ၂၀၀၅ ခုနှစ် ဩဂုတ် ၈ ရက် နံနက် ၁ နာရီခန့်က လေပြင်းတိုက်၍ ပျက်စီးသွားခဲ့သဖြင့် သထုံခရိုင် မြန်မာ့အာမခံလုပ်ငန်းမှ လျော်ကြေးငွေ ပေးအပ်ခြင်းကြောင့် ဖြစ်သည်။

တက်ရောက်

လျော်ကြေးငွေ ပေးအပ်ပွဲသို့ သထုံခရိုင် မြန်မာ့အာမခံလုပ်ငန်း တာဝန်ခံ ဒေါ်မေသက်မွန်၊ သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်နှင့် ဒေးဗရိန်း ကျေးရွာအုပ်စု ဥက္ကဋ္ဌတို့ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

သီပေါ၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

သီပေါ မေ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်တွင် ဇီဝလောင်စာဆီထုတ်ယူရရှိနိုင်သည့် ခြံစည်းရိုးကြက်ဆူပင် ဧကေါ်ထောင်စိုက်ပျိုးရေးအတွက် စံလောင်း၊ ကုန်းသာ၊ ပန်းညု၊ နောင်အိန်နှင့် ပုံဖန်းကျေးရွာများတွင် ဧက ၁၀၀ စီ စိုက်ပျိုးထားရာ အဆိုပါစိုက်ကွင်းများသို့ မြို့နယ်စိုက်ပျိုးရေးကော်မတီဥက္ကဋ္ဌ သီပေါမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် အဖွဲ့သည် မေ ၁၈ရက်က အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည်။

သီပေါမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် ဧကေါ်ထောင်စိုက်ပျိုးရန် ရည်မှန်းချက်နှင့်အညီ ၂၀၈၉ဧက စိုက်ပျိုးထားရှိပြီး ကျန် ၂၉၁၁ ဧကကို မေလကုန်တွင် စိုက်ပျိုးပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှေ့လာစို့

ညောင်တုန်းမြို့မဈေး၌ရောင်းချလျက်ရှိသော ဟင်းသီးဟင်းရွက်များ အန္တရာယ်ကင်းစေရန်ပညာပေး၊အိမ်သုံးဆားအိုင်အိုဒင်းပါဝင်မှုစစ်ဆေး

ညောင်တုန်း မေ ၂၀

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ပူးပေါင်း၍ မေ ၁၅ရက်က ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် ရောင်းချလျက်ရှိသော ဟင်းသီးဟင်းရွက်များကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြသည်။

ပညာပေးဟောပြော

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်ခင်အေးဝင်းနှင့် ဝန်ထမ်းများ၊ ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့သည် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာပါဝင်မှုများသော ဟင်းသီးဟင်းရွက်များကို ပြည်သူများ စားသုံးရန် မသင့်သည့်အတွက် ရောင်းချခြင်းမပြုရန်နှင့် အန္တရာယ်ကင်းသော ဟင်းသီးဟင်းရွက်များကိုသာ ရောင်းချကြရန် ပညာပေး ဟောပြောကြသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ထို့ပြင် ဈေးအတွင်းရောင်းချလျက်ရှိသော အိမ်သုံးဆားများတွင် အိုင်အိုဒင်း ပါဝင်မှုအခြေအနေများ ကြည့်ရှုစစ်ဆေးကြသည်။

(၀၉၈)

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများ ဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်းသွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွား ပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်-

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။
(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။
(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။
(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။
(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။
(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်-

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။
(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။
(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ
ပြပွဲဗဟိုကော်မတီ

သတင်းကြေညာချက်

ရန်ကုန် ၁၃၆၈ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ရက်။
၂၀၀၆ခုနှစ် မေလ ၂၂ ရက်

၁။ ၂၀၀၆ ခုနှစ် ဇွန်လ(၂၀)ရက်မှစ၍ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကို ကျောက်မျက်ရတနာပြပွဲခန်းမနှင့် မြန်မာကွန်ဗင်းရှင်း စင်တာတို့တွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ အထူးရောင်းချပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုပါမည်။

၂။ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲသို့ တက်ရောက်လိုသူများသည် ၂၀၀၆ ခုနှစ် ဇွန်လ(၈) ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်မျက်ရတနာပြပွဲခန်းမနှင့် မြန်မာကွန်ဗင်းရှင်း စင်တာတို့တွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာ ဆပ်ကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်နိုင်ပါသည်။

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ
ပြပွဲဗဟိုကော်မတီ။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ရဲမှူးကြီးဝင်းကြည်(စည်ပင်သာယာတပ်ဖွဲ့မှူး)–
ဒေါ်ညိုညိုဝင်းတို့၏
တစ်ဦးတည်းသောသား

ဗိုလ်ကြီးအောင်ကို B.Sc (D.S.A)

နှင့်

ရန်ကုန်မြို့နေ ဆရာကြီး ဦးကျော်မြင့်(ငြိမ်း) (စစ်တက္ကသိုလ်)–
ဒေါ်စန်းစန်းမြင့်တို့၏မြေး၊
ဒုတိယဗိုလ်မှူးကြီးအောင်ဌေး
(မိုင်းဆတ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ)–
ဒေါ်ခင်သန္တာတို့၏ တစ်ဦးတည်းသောသမီး

မပန်းမြတ်ခိုင် B.E (Mechanical)

တို့၏ ၁၁–၅–၂၀၀၆ရက်(ကဆုန်လပြည့်)နေ့တွင် ပိတောက်မြိုင်ရိပ်သာ နေအိမ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်နှင့် အသိသက်သေများအား လည်းကောင်း၊ ၁၃–၅–၂၀၀၆ရက်နေ့ ယုဇနဂါးဒင်းဟိုတယ်တွင် ကျင်းပသော မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်များ ဆင်မြန်းပေးပါသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဇနီး ဒေါက်တာ ဒေါ်ခင်စန်းနွယ်တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်၊နယ်ဘက်မှ မိတ်ဆွေအပေါင်းအသင်းများအားလည်းကောင်း၊ စစ်တက္ကသိုလ် အမှတ်စဉ်(၁၀)မှ သူငယ်ချင်းများနှင့် မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၁–၅–၂၀၀၆ရက် မိုင်းဆတ်မြို့ သီရိရတနာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြသော စစ်ဘက်၊နယ်ဘက်မှ အရာရှိကြီးများ၊ မြို့မိမြို့ဖများ၊ မိတ်ဆွေအပေါင်းအသင်းများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်ပစ္စည်းများ ပေးပို့ကြသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းအသင်းများအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
ဗိုလ်ကြီးအောင်ကို–မပန်းမြတ်ခိုင်။

ပလက်ဝမြို့ လမ်းမကြီးတစ်လျှောက်ရှိ သစ်ပင်များ ကိုင်းဖြတ်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို ဧပြီ ၂၈ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သိန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မကွေးတိုင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မိုးရာသီ ဘဏ်ချေးငွေ ထုတ်ချေးရေးစည်းဝေး

မကွေး မေ ၂၃

မကွေးတိုင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ၂၀၀၆ခုနှစ် မိုးရာသီ ဘဏ်ချေးငွေ ထုတ်ချေးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၆ရက်က မကွေးတိုင်း မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်း၊ လက်ထောက်အထွေထွေ မန်နေဂျာ ဦးခင်မောင်လွင်၊ မကွေးတိုင်း မန်နေဂျာ ဒေါ်ခင်အေးမြင့်နှင့် မြို့နယ် မန်နေဂျာများ တက်ရောက်ကြသည်။

အမှာစကားပြော

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက အမှာစကား ပြောကြားပြီး မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ ကျပ်သန်းပေါင်း ၃၇၀၀ ကို မေလမှ ဩဂုတ်လအတွင်း အပြီးသတ် ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် မဟာမြိုင်ပရိယတ္တိစာသင်တိုက် အတွင်းထာဝရ ရေပဒေသာပင် အပင် ၁၀၀၀ စိုက်ထူလှူဒါန်းမည်ဖြစ်ရာ ရေပဒေသာပင်တစ်ပင်လျှင် ကျပ် ၁၂၀၀၀ နှုန်းဖြင့် ၁၀ပင်အတွက်ငွေကျပ် ၁၂၀၀၀၀ ကို ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသူရိယ ရှေ့မှောက်၌ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစံရွှေထံ အမှတ် ၉၀၂ အောက်မင်္ဂလာဒုံလမ်း၊ စဥ့်ငူရပ်ကွက်နေ ဦးကျော်ဇင်–ဒေါ်စန္ဒာမိသားစုက စိုက်ထူလှူဒါန်းစဉ်။ (က–ပ)

ကျိုက်ထိုမြို့မဈေးကြီး မီးဘေး ကြိုတင် ကာကွယ်ရေးအတွက် လျှပ်စစ်မီး သုံးစွဲမှုများကို မေ ၁၀ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်၊ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးတင်ထွန်းတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနားမြို့၌ ကတ္တရာထပ်ပိုးလွှာခင်း

မြစ်ကြီးနား ဧပြီ ၃၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးဆွေ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ကျေးလက်၊ မြို့ပြလမ်း၊ တံတား၊ ရေပေးရေး လုပ်ငန်းနှင့်စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်မှုကို ဧပြီ ၁၀ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မော်မော်သိန်း ဦးဆောင်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက အရှည်ပေ ၁၀၀၀၊ အကျယ် ၁၈ပေရှိ မြစ်ကြီးနားမြို့ အောင်ဆန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းမှုကို အမှုဆောင်အရာရှိ ဦးအေးဆွေနှင့် ဦးစီးအရာရှိ ဦးခင်အောင်နီတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် စည်ပင်)



ညောင်လေးပင် မြို့နယ် စည်ပင်သာယာရေး အဖွဲ့၏ ကြီးကြပ်မှုဖြင့် ရေဖြူကန် – ပေါက်တော ကျေးလက်လမ်းရှိ အုတ်ပေါင်ခံ ကွန်ကရစ်တံတား ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေမှုကို မေ ၁၉ ရက်က အမှုဆောင်အရာရှိ ဦးတင်နကွင်းဆင်း ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှု ကြည့်ရှုစစ်ဆေး

မေ ၂၆ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး မြန်မာကွန်ဗင်းရှင်းစင်တာ ဧည့်ကြိုခန်းမ၌ ကျောက် စိမ်းအတွဲများ ခင်းကျင်း ပြသထားမှုကို ကြည့်ရှု စစ်ဆေးစဉ်။

(သတင်း-ရွှေ့ဖုံး)
(သတင်းစဉ်)

လယ်ယာ၊ သားငါးနှင့် သစ်တောသယံဇာတများ ခေတ်မီနည်းပညာရပ်များနှင့် ပေါင်းစပ်အသုံးချ တိုင်းပြည်နှင့်လူမျိုး အနာဂတ်ကာလတိုင် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းအောင်စွမ်းဆောင် အပိုးမဖြတ်နိုင်သည့် မြေသယံဇာတများကို နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိစွာဖော်ထုတ်သုံးစွဲနိုင်ရေး ကျွမ်းကျင်ရာပညာရပ်များဖြင့် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် မေ ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပသည့် မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ ပဉ္စမနှစ်ပတ်လည်အစည်းအဝေးနှင့် ဆဋ္ဌမအကြိမ် သုတေသနညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ အမှုဆောင်များ၊ ပညာရှင်များ၊ မြန်မာနိုင်ငံဆေးပညာရှင် အဖွဲ့၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့နှင့် မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် အထူးဖိတ်ကြားထားသည့်ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ထုထည်ပမာဏကြီးမားပြီး အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်နေသည့် လယ်ယာ၊ သားငါး၊ သစ်တော ကဏ္ဍအသီးသီးမှ ပညာရှင်များနှင့် သုတေသီများ ယခုကဲ့သို့ စုံစုံညီညီစုဝေးပြီး နှစ်ပတ်လည်အစည်းအဝေး နှင့် သုတေသနညီလာခံကို ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်များ အကောင် အထည်ပေါ် ဖြစ်ထွန်းလာရေးအတွက် မိမိတို့၏ အသိပညာ၊ အတတ်ပညာစွမ်းပကားများဖြင့် ဖြည့်ဆည်း ပေးနိုင်စေရန် ထိရောက်သည့် ကြိုးပမ်းဆောင်ရွက်မှုတစ်ရပ်ပင်ဖြစ်ကြောင်း။ ***စာမျက်နှာ ၈ ကော်လံ ၁*** ■